# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 February 2025 ၁၁၇၂၄


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်ရောက်ရှိပြီး နေပြည်တော်ရှိ KMA Hotel ၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးတစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



**ဖူးမြော်ကြည်ညို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးတစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry အား ဖူးမြော်ကြည်ညိုစဉ်။

## ယနေ့ ဖတ်စရာ


**အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်** စာမျက်နှာ » ၅

**ငါ့နိုင်ငံ ငါ့ပြည်ထောင်စုဆိုသည့်စိတ်ထား ဖြစ်တည်နေမှသာလျှင်** ဆောင်းပါး စာမျက်နှာ » ၆

**ပဲခူးတိုင်းဒေသကြီးအနေနဲ့ ထုတ်ကုန်အမျိုးပေါင်း ၆၅ မျိုးနဲ့ ပစ္စည်းအမယ်ပေါင်း ၆၃၀ ကျော်ကို MSME လုပ်ငန်းရှင် ၈၉ ဦးက ပါဝင်ပြသ ရောင်းချသွားမှာဖြစ်ပါတယ်** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး) ၏ လေအရည်အသွေး အခြေအနေများ** စာမျက်နှာ » ၁၅

**ကမ္ဘာကို လှုပ်ခတ်သော ရွေးကောက်ပွဲကတိများ** ဆောင်းပါး စာမျက်နှာ » ၁၀




ကြေးမုံ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျှောက်လှမ်းနေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ဒေသနှင့်တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်သည်။ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဒီမိုကရေစီအခင်းအကျင်းကို ဖော်ဆောင်ရမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်အတွက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး လမ်းခင်းပေးခဲ့သလို ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ရွေးကောက်ခံအစိုးရများနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုပြုလုပ်သူများက မဲစာရင်းများကို ဖောင်းပွအောင်ပြုလုပ်ပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ရွေးကောက်ခံမဲဆန္ဒနယ် တစ်ခုတည်း၌သာမက နိုင်ငံတစ်ဝန်းလုံး တရားမဲ့အနိုင်ရရှိအောင် မဲမသမာမှုများပြုလုပ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ နှင့် ပါတီအသစ်တည်ထောင်ခွင့်လျှောက်ထားသည့်ပါတီ ၁၈ ပါတီရှိသဖြင့် စုစုပေါင်းပါတီ ၆၈ ပါတီရှိသည်။ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ အနေဖြင့် မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်။ မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၈ ပါတီအနက် ၅၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နှစ်ပါတီကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု ၁၀ ကြိမ်ပြုလုပ်ခဲ့ပြီး တွေ့ဆုံချိန်တွင် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာကိစ္စရပ်များ၊ ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် လေလွင့်ဆုံးရှုံးသည့်မဲများမဖြစ်စေရေး၊ မဲများသူအနိုင်ရသည့်စနစ်အပြင် မြန်မာနိုင်ငံနှင့်သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရေး ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ကျင့်သုံးရေးကိစ္စရပ်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရုံးခန်းများ ဖွင့်လှစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူညီချက်များ ရရှိပြီးဖြစ်သည်။

ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံတွင် စီမံဆောင်ရွက်လျက်ရှိသလို နိုင်ငံ့ခေါင်းဆောင်များ ပြည်ပခရီးစဉ်များ သွားရောက်ချိန်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့လာရောက်သည့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်အချိန်တွင်လည်းကောင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးစီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ နိုင်ငံတကာအနေဖြင့် ကျင်းပမည့်ရွေးကောက်ပွဲအပေါ် အပြည့်အဝထောက်ခံမှုများ ရရှိပြီးဖြစ်သည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ခိုင်လုံသည့် မဲစာရင်းများရရှိရေးသည် အရေးကြီးသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး ရရှိသောလူဦးရေစာရင်းသည် ရွေးကောက်ပွဲအတွက် အထောက်အကူပြုမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အထွေထွေရွေးကောက်ပွဲကျင်းပခြင်းသည် ပြည်သူအများစု၏အမြင်ကို ထင်ဟပ်ပေါ်လွင်စေသည့် အခင်းအကျင်းဖြစ်သလို နိုင်ငံတော်၏ နိုင်ငံ့အရေးကို နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်အရပ်ရပ်တို့တွင် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများက မှန်ကန်စွာ ရွေးချယ်ခြင်းဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၁,၂၆၂ | ၉,၃၃၈,၈၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၅,၃၁၀ | ၁၅,၉၃၅,၀၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၇၁ | ၅၈၉,၃၀၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၃,၇၀၆ | ၆,၄၈၅,၈၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၅၀၈ | ၈၁၅,၁၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၅၂၇ | ၂,၀၀၁,၉၀၀ |
| MAEX | ၃,၂၀၀ | ၃,၁၀၀ | ၈၄၂ | ၂,၆၂၂,၂၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၁ | ၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

○ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခဲ့သည့် အခြေအနေများ၊ ယခုကဲ့သို့ ခရီးစဉ်ကြွရောက်လာသည့်အတွက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး သာသနာတော်ဆိုင်ရာကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားရေးဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။

ထိုသို့ လျှောက်ထားတင်ပြရာ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ဘုရားဖူးလာရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့လာရောက်ဖူးမြော်မှုအတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုတွင် တူညီပြီး ယဉ်ကျေးမှုဆိုင်ရာများတွင်လည်း ခွဲခြား၍မရသည့် နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် နိုင်ငံတကာမှ စာသင်သားရဟန်းများလာရောက်၍ သင်ယူနေမှုများအတွက်လည်း မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ယခုကဲ့သို့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံသူမြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြစေကြောင်းနှင့် မြန်မာနိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေကြောင်းဖြင့် ဆုတောင်းစကားကို ပြန်လည်မိန့်ကြားတော်မူပြီး မြန်မာနိုင်ငံအတွက် မေတ္တာပို့ဆုတောင်းပေးသည်။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဖူးမြော်ကြည်ညိုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးထံသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်

**စာမျက်နှာ ၄ သို့** ○



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry က ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry နှင့် အဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မော်ကွန်းတိုက်အတွင်း ဖူးမြော်လေ့လာကြည်ညိုစဉ်။

◯ စာမျက်နှာ ၃ မှ
ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် အဓိပတိဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များသည် ယခုလ ၂ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် သာသနိကအဆောက်အအုံများနှင့်သာသနာတော်ဆိုင်ရာများကို သွားရောက်ဖူးမြော်ကြည်ညို လေ့လာခဲ့ကြကြောင်း၊ ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တန်ခိုးကြီးဘုရားစေတီပုထိုးများအား ဆက်လက်ဖူးမြော်ကြည်ညိုသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ကမ္ဘောဒီးယား နိုင်ငံ၏ အဓိပတိဆရာတော်ကြီး His Holiness Samdech Preah Abhisiri Sugandha Mohasa-ngharajah Dhipadi Dr. Bour Kry မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လေ့လာကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# ကျိုင်းတုံမြို့ လောကသရဖူစေတီတော်မြတ်ကြီး ပင်မစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး၏ ပင်မစေတီတော် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ တူယားကျောင်းထိုင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိနှင့် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဝဇီပိတ် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ တူယားကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဝဇီပိတ်ဆရာတော်က ဦးဆောင်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လောကသရဖူစေတီတော်မြတ်ကြီး၏ ပင်မစေတီတော် တည်ထားကိုးကွယ်မည့်နေရာတွင် ရတနာအုတ်မြစ်များ စီခြယ်ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပုဂံမြို့ဟောင်း သရပါတံခါး ခေတ္တ ပိတ်ထားမည်

**ညောင်ဦး ဖေဖော်ဝါရီ ၄**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အရွနှ့်ရှည်တည်တံ့စေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်အနေဖြင့် ပုဂံဒေသအတွင်း ရေကြီးရေဝပ်မှုများ လျှော့ချနိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပုဂံခေတ် မူလရေလမ်းကြောင်းများအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းတွင်ပါဝင်သော ကျုံးမှ ဧရာဝတီမြစ်အထိ စီးဆင်းရေလမ်းကြောင်းရှိ ကျုံးဧရိယာအား ရေစီးဆင်းမှု ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ရေပြွန်များ ပြုလုပ်ခြင်းတို့ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ မတ်လစတုတ္ထပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါကာလအတွင်း ပုဂံမြို့ဟောင်း သရပါတံခါးအား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ( ပုဂံဌာနခွဲ)က အသိပေးထုတ်ပြန်ထားသည်။

ထိုသို့ လမ်းအသုံးပြုမှု ခေတ္တယာယီပိတ်ထားစဉ်ကာလအတွင်း အများပြည်သူများ သွားလာရာတွင် ညောင်ဦးမြို့မှ ပုဂံမြို့ဟောင်းသို့ သွားရောက်မည်ဆိုပါက သရပါတံခါး အရှေ့ဘက်ရှိ အာနန္ဒာဘုရားအဝင်လမ်းမှတစ်ဆင့် အနော်ရထာလမ်းမကြီးအတိုင်း ပုဂံမြို့ဟောင်းလမ်းဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ရောဆိပ်မှ ပုဂံမြို့ဟောင်းသို့သွားရောက်မည်ဆိုပါက မြောက်ဘက် ကျုံးဘေးလမ်းမှ တောင်ဘီရွာအတွင်းလမ်းမှ ဖြတ်၍ လည်းကောင်း၊ သရပါဟိုတယ် အနောက်ဘက်လမ်းမှ လည်းကောင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ဖြတ်သန်းသွားလာနိုင်မည့်လမ်းကြောင်းပြ အသိပေးဆိုင်းဘုတ်များကို အများပြည်သူ မြင်သာမည့်နေရာများတွင် အသိပေးစိုက်ထူထားမည်ဖြစ်သည်။



ပုဂံဒေသ၏ အမွေအနှစ်တစ်ရပ်ဖြစ်သော သရပါတံခါး နတ်မောင်နှမ နတ်ကွန်းများအား အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းနန်းတော်ရာ မြောက်ဘက်ကားလမ်းမှတစ်ဆင့် လာရောက်ပူဇော်နိုင်ပြီး ရိုးရာအစဉ်အလာမပျက် အများပြည်သူပူဇော်ပသနိုင်ရေးအတွက် သီးသန့်ဧရိယာထားရှိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလမ်းပိုင်းများကို အများပြည်သူ ပြန်လည်ဖြတ်သန်းအသုံးပြုနိုင်ပြီဆိုပါက ပြန်လည်၍ အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂-၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**တိုင်းပြည်သာယာဝပြောဖို့**
**ငြိမ်းချမ်းရေးကို**
**တည်ဆောက်စို့**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်



နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လိုအပ်သည့် ထောက်ပံ့ချီးမြှင့်မှုများ လျာထားစီစဉ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ နေကြရသူများ၏ စာရင်းများကောက်ယူထားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေအနေဖြင့် နှစ်စဉ်ခွဲဝေပေးရန် သတ်မှတ်ထားသည့် ရန်ပုံငွေအပြင် ယခုနှစ်တွင် ရာဂီမုန်တိုင်းတိုက်ခတ်မှုအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများ ထပ်မံ ဖြည့်ဆည်းပေးထားပါကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံ အဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုတို့ ပါဝင်ပါကြောင်း၊ ယင်း ဥပဒေရည်ရွယ်ချက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်တွင်းပြည်ပ အစိုးရဌာန အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်ဟု ပါဝင်ကြောင်း။

ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးဖြစ်သူများအားလုံးကို စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့ချီးမြှင့်ခြင်းနှင့် သင့်လျော်သည့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်း ကိုက်ညီပါကြောင်း၊ ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရာတွင် ထိခိုက်မှုအရေအတွက်စာရင်း၊ ပေးအပ်မည့်နည်းလမ်း၊ လူဦးရေ၊ ငွေပမာဏနှင့် အချိန်တို့ စနစ်တကျ ဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ထောက်ပံ့ချီးမြှင့်ရာတွင် စာရင်းဇယားမှန်ကန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ချီးမြှင့်သွားမည့်နည်းလမ်း၊ ပေးအပ်မည့် အကြိမ်ရေနှင့် နှုန်းထား၊ လုပ်ထုံးလုပ်နည်း၊ စာရင်းဇယားမှန်ကန်ပြီး စနစ်တကျဖြစ်စေရေးတို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထောက်ပံ့ချီးမြှင့်ငွေများကို မှန်မှန်ကန်ကန် ဖြစ်စေရေး၊ အလေအလွင့်မဖြစ်စေရေး၊ ရသင့်ရထိုက်သူများ ရရှိစေရေးနှင့် အခြားနေရာများသို့ မရောက်ရှိစေရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ယာယီနေရပ် စွန့်ခွာနေကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအနေဖြင့် စာရင်းဇယား တိကျမှန်ကန်စေရေးအတွက် မိမိတို့ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများထံသို့ လူဦးရေစာရင်းများကို သတင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





## ဇေယျာသီရိမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိ မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်းများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးက တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လမ်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ငါ့နိုင်ငံ ငါ့ပြည်ထောင်စုဆိုသည့်စိတ်ထား ဖြစ်တည်နေမှသာလျှင်

ကွာဟချက်များလွန်းတဲ့ ကမ္ဘာကြီး၊ ပြဿနာများလွန်းတဲ့လူ့အဖွဲ့အစည်းမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သဘောထားမမျှ၊ မကျေလည်သမျှ၊ မညှိနှိုင်းတတ်၊ ဖြေရှင်းနိုင်စွမ်းမရှိ၊ လက်နက်ကိုင်ဖြေရှင်းနေကြသရွေ့ ဘယ်သောအခါမှ ငြိမ်းချမ်းမှာမဟုတ်။

**စွမ်းပြည့်**

> **“ညှိယူတတ်ရမယ်ဆိုတဲ့အချက်မှာ မိမိကစပြီး နိုင်ငံအဆင့်အထိပါပါတယ်။ မိမိခန္ဓာကိုယ်ပင်လျှင် ဟန်ချက်ညီအောင် ညှိယူနေရတာတွေ အများကြီး သတိမထားမိလို့ပါ။ တစ်နေ့တစ်နေ့ မိမိစိတ်နဲ့ ရုပ်ခန္ဓာ သဟဇာတဖြစ်နေမှ အလုပ်လုပ်လို့ကောင်းပြီး ကျန်းကျန်းမာမာလည်းရှိတာပါ။ မိသားစုမှာလည်း ထိုနည်းတူ၊ မိသားစုအရေး ညှိနှိုင်းတိုင်ပင်ကြရတယ်၊ လုပ်ငန်းခွင်မှာလည်း ထိုနည်းလည်းကောင်း၊ လုပ်ငန်းတစ်ခုအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ကြကိုင်ကြရတယ်။ နိုင်ငံအဆင့်မှာတော့ ပိုအရေးကြီးသွားတယ်၊ လုပ်ငန်းသဘောသဘာဝ မတူညီတဲ့ဌာနတွေအကြား၊ အဖွဲ့အစည်းတွေအကြား ညှိနှိုင်းပေါင်းစပ်ပြီးမှ အလုပ်လုပ်ကြရတယ်။ ယနေ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်လမ်းကြောင်းကို ရွေးချယ်ထားတဲ့ ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံမျိုးအတွက် ပိုလို့ပင် အရေးကြီးပါတယ်။ အထူးသတိထား ဝီရိယထားပြီး ညှိနှိုင်းဆောင်ရွက်ကြရမှာဖြစ်”**

### အောင်မြင်တဲ့စေ့စပ်ညှိနှိုင်းမှုက အရည်အချင်းတစ်ရပ်ဖြစ်

ကိုယ်အနိုင်ယူ၊ သူအရှုံး အတွေးအခေါ်အောက်မှာ သူလည်းအနိုင်၊ ကိုယ်လည်းအနိုင်၊ အားလုံးအနိုင်ဆိုတဲ့ ခံယူချက်နဲ့ မတူတာခဏဖယ်၊ တူတာအရင်ညှိလုပ်မယ်ဆိုတဲ့ အယူအဆတွေဟာ ပျောက်ကွယ်သွားလို့မဖြစ်ပါဘူး။ ပဋိပက္ခဖြစ်လာရင် ညှိနှိုင်းယူကြမယ်၊ ပေါင်းစပ်ကြမယ်၊ လက်ခံနိုင်လောက်တဲ့အထိ ဆွေးနွေးကြမယ်၊ ဘုံရည်မှန်းချက် တစ်ခုရအောင်လုပ်ကြမယ်၊ ဒါမှ တန်းတူညီမျှမှုကိုရနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုး အခြေခံရှိရမယ့်အပြင် အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ခံယူချက်ကိုလည်း ခိုင်ခိုင်မာမာထားကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ညှိနှိုင်းပေါင်းစပ်ခြင်းဆိုတဲ့ စွမ်းရည်ကို လုံးဝမေ့မထားသင့်ပါဘူး။ ပြဿနာ ရှိလာရင်ဖြစ်ဖြစ်၊ ပဋိပက္ခ မကြီးထွားစေချင်ရင်ဖြစ်ဖြစ် အောင်မြင်တဲ့ ညှိနှိုင်းစေ့စပ်မှုနဲ့ ပဋိပက္ခပြေငြိမ်းသွားစေတာဟာ တကယ့်အရည်အချင်းတစ်ရပ်ပါ။ ယနေ့ခေတ်လို ပြဿနာများလွန်းတဲ့ ခေတ်ကြီးမှာ အလွန်လိုအပ်တဲ့ အရည်အချင်းတစ်ရပ်လည်း ဖြစ်နေပါပြီ။ မညှိတတ်လို့၊ မစေ့စပ်နိုင်လို့၊ မပေါင်းစပ်နိုင်ကြလို့ ပဋိပက္ခတွေ ကြီးထွားနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြောတော့သာလွယ်တာ၊ ညှိနှိုင်းယူခြင်းဆိုသည်မှာ အလွန်ကိုခက်တဲ့အလုပ်ဆိုတာ လက်တွေ့သာဓကတွေအရ တွေ့နေရပါတယ်။

### ကိုယ့်ကိုယ်ကိုယ်ဝေဖန်သုံးသပ်မှုမှာ အားနည်းနေ

မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်၊ ကမ္ဘာကြီးမှာလည်း ထိုနည်းအတိုင်း၊ နောက်ပိုင်း နိုင်ငံတကာမှာ ပဋိပက္ခအရှုပ်အထွေး အလွန်များလာတယ်။ ကမ္ဘာကြီးရဲ့ နေရာအချို့မှာ ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းတချို့မှာတောင် ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရမယ့်အစား အင်အားအလွန်အကျွံသုံးပြီး ဖြေရှင်းလာကြတယ်။ မှန်ကန်တဲ့အဖြေကို မရတဲ့အတွက် လက်နက်ကသာအားကိုးရာ၊ အင်အားကသာ အစစ်အမှန်ဆိုပြီး တလွဲတွေဖြစ်လာတယ်။ အင်အားသုံးဖြေရှင်းတဲ့အခါ ရေတိုမှာပြီးသွားပေမယ့် ရေရှည်မှာတော့ လိုချင်တဲ့အဆုံးသတ်မရနိုင်ကြပါ။

မဆုံးနိုင်သော၊ မတရားသောနည်းလမ်းတွေနဲ့ မှန်ကန်တဲ့အဖြေမရတဲ့အတွက် ငြိမ်းချမ်းခြင်းနဲ့ ဝေးနေရတာ ဖြစ်ပါတယ်။ အကောင်းဆုံးရလဒ်ကို လိုချင်ကြပေမယ့် မိမိအတွက်သာ အကောင်းဆုံးဖြစ်ရမယ်ဆိုတဲ့ သဘောထားတွေကြောင့် အဆိုးဆုံးတွေသာဖြစ်လာရတယ်။ အကောင်းဆုံးကို လိုချင်နေကြပေမယ့် အကောင်းဆုံးကော ဖြစ်ကြရဲ့လား၊ ပထမတော့ ကိုယ့်လူမျိုး၊ ကိုယ့်အခွင့်အရေးကို ကာကွယ်ချင်လို့၊ လိုချင်လို့ အကြောင်းပြတယ်၊ ကိုယ်လိုချင်တာနဲ့ အခွင့်အရေးမှန်သမျှ ရှေ့တန်းတင်ပြီး လောဘဇောနဲ့ ရယူချင်ကြတယ်။ နည်းမှန်၊ လမ်းမှန်မရွေးဘဲ မတရားတဲ့နည်းလမ်းနဲ့ လိုချင်ကြတယ်။

ကျွန်တော်တို့ဟာ သူများအပေါ် စွပ်စွဲဖို့၊ အပြစ်တင်ဖို့သာ အားသန်ပြီး ကိုယ့်ကိုယ်ကိုယ်ဝေဖန်တာ၊ ပြန်သုံးသပ်နိုင်စွမ်းတွေမှာ အားနည်းတတ်ကြတယ်။ အပြစ်ကိုသူများလွှဲချတတ်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့ကျ ဝန်လေးသူတွေဖြစ်ကြတယ်။ ဒါကြောင့် ကိုယ့်အမှားကိုလည်း မသိတော့ဘဲ အမှန်ကိုမြင်နိုင်ဖို့ ခဲယဉ်းနေကြခြင်းဖြစ်တယ်။

နိုင်ငံအနေနဲ့ကြည့်ရင် မြန်မာပြည်မြေပုံကို ပြောင်းလဲချင်သူတွေနဲ့ အချင်းချင်းအုပ်စုဖွဲ့ တိုက်ခိုက်နေတဲ့ လက်နက်ကိုင်တွေကြောင့် ပြည်ထောင်စုကြီးပြိုကွဲမယ့်အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး ဒီအန္တရာယ်ကို တပ်မတော်က ကြိုးစားကာကွယ်နေရချိန်လည်း ဖြစ်တယ်။ အင်အားကသာ အဓိကလို့ မှတ်ယူလာတဲ့အခါ သမိုင်းကို အာဏာနဲ့ တည်ဆောက်ဖို့အတွက် အတ္တရှေ့တင်ပြီး အရှက်အကြောက်မရှိ၊ လက်ရဲဇက်ရဲ တိုက်ခိုက်လာကြခြင်းဖြစ်တယ်။ ရလဒ်အနေနဲ့နောက်ဆုံးမှာ အားလုံးပျက်စီးခြင်းဆီသာ ဆိုက်ရောက်ရတော့တယ်။ ကိုယ်ကျိုးကြည့်လွန်းတဲ့စိတ်ဓာတ်တွေ၊ အသာရချင်စိတ်တွေများနေကြတဲ့အတွက် တရားမျှတမှုဆိုတဲ့ ယဉ်ကျေးမှုကို နားမလည်နိုင်တော့တဲ့အခြေအနေထိ ဖြစ်လာနေတယ်။

### ညှိနှိုင်းဆွေးနွေးခြင်းက အရေးပါတဲ့အတွက်

ညှိယူတတ်ရမယ်ဆိုတဲ့အချက်မှာ မိမိကစပြီး နိုင်ငံအဆင့်အထိ ပါပါတယ်။ မိမိခန္ဓာကိုယ်ပင်လျှင် ဟန်ချက်ညီအောင် ညှိယူနေရတာတွေ အများကြီး သတိမထားမိလို့ပါ။ တစ်နေ့တစ်နေ့ မိမိစိတ်နဲ့ ရုပ်ခန္ဓာ သဟဇာတဖြစ်နေမှ အလုပ်လုပ်လို့ကောင်းပြီး ကျန်းကျန်းမာမာလည်း ရှိတာပါ။ မိသားစုမှာလည်း ထိုနည်းတူ၊ မိသားစုအရေး ညှိနှိုင်းတိုင်ပင်ကြရတယ်၊ လုပ်ငန်းခွင်မှာလည်း ထိုနည်းလည်းကောင်း၊ လုပ်ငန်းတစ်ခုအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ကြကိုင်ကြရတယ်။ နိုင်ငံအဆင့်မှာတော့ ပိုအရေးကြီးသွားတယ်၊ လုပ်ငန်းသဘောသဘာဝ မတူညီတဲ့ဌာနတွေအကြား၊ အဖွဲ့အစည်းတွေအကြား ညှိနှိုင်းပေါင်းစပ်ပြီးမှ အလုပ်လုပ်ကြရတယ်။ ယနေ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်လမ်းကြောင်းကို ရွေးချယ်ထားတဲ့ ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံမျိုးအတွက် ပိုလို့ပင် အရေးကြီးပါတယ်။ အထူးသတိထား ဝီရိယထားပြီး ညှိနှိုင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်အတိုင်း သွားနေပါတယ်။ တစ်ဖက်မှာ ထာဝရငြိမ်းချမ်းရေးအတွက် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်နေပေမယ့် တည်ဆောက်သူနဲ့ ဖျက်ဆီးသူ၊ အပြုသမားနဲ့ အဖျက်သမားရယ်လို့ ကွာဟချက်ကို ကြီးကြီးမားမား တွေ့နေရတယ်။ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးနဲ့ အချုပ်အခြာကို ဘယ်သူကပိုအလေးထားနေပါသလဲ။

မြို့ရွာ၊ အိုးအိမ်၊ လျှပ်စစ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ စေတီပုထိုးမကျန် အဖျက်အဆီးကြားက၊ အပျက်အစီးများကြားက ငြိမ်းချမ်းရေးကိုဖိတ်ခေါ်တာလည်း အကြိမ်ကြိမ်...။ ဒါပေမဲ့လည်း စိတ်ရှည်ရှည်ထားတယ်၊ အားလုံးလက်ခံနိုင်တဲ့ ဘုံရည်မှန်းချက်ထားပြီး လုပ်ငန်းစဉ်တစ်လျှောက်မှာ သက်ဆိုင်သူအားလုံးပါဝင်လာတဲ့အထိ အားလုံးနဲ့ ညှိယူနေရတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ပြည်ထောင်စုကြီး စည်းလုံးဖို့၊ ညီညွတ်ဖို့ကို ဦးတည်ပြီး ပေါင်းစပ်ညှိနှိုင်းနေရမှာပဲ၊ မိမိတို့ရဲ့ ညှိနှိုင်းမှုစွမ်းရည်ကို ပြသနေရမှာပဲဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့နိုင်ငံသားတွေကြား၊ ညီအစ်ကိုတိုင်းရင်းသားတွေကြားမှာ အချင်းချင်းယုံကြည်မှုရလာမယ်၊ နားလည်မှုရလာကြမှာ ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် တန်းတူညီမျှ ညီညွတ်မျှတမှုရရှိလာမယ်၊ ထိုမျှတမှုကနေ လိုချင်တဲ့ စည်းလုံးညီညွတ်မှုလည်း ရလာမယ်လို့ ယုံကြည်ထားတယ်။

ဒီယုံကြည်ချက်ကနေ အင်အားတောင့်တင်းတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို မျှော်လင့်ထားတဲ့အတွက် ပါဝင်သက်ဆိုင်သူအားလုံးဟာ စားပွဲဝိုင်းမှာပဲ ပူးပေါင်းညှိနှိုင်း စကားပြောရမှာဖြစ်ပြီး အဖြေမရရအောင် ရှာရမယ်လို့ ခံယူကြရမှာဖြစ်ပါတယ်။ ဒီအခါမှာ အားလုံးအရေးကြီးတဲ့အထဲမှာမှ အရေးကြီးတာတစ်ခုက ညှိနှိုင်းစေ့စပ်ပေါင်းစပ်လုပ်ကိုင်နိုင်ခြင်းစွမ်းရည်က အဓိကကျပါလားဆိုတာ မြင်ရမှာဖြစ်ပါတယ်။

### ဘာကြောင့်အရေးပါရသလဲ

ညှိနှိုင်းခြင်းဆိုတဲ့စွမ်းရည်က ဘာကြောင့်အရေးကြီးရပါသလဲ။ တစ်ဖက်ဖက် သို့မဟုတ် နှစ်ဖက်စလုံးမှာ ဒီလိုစွမ်းရည်မျိုး အားနည်းနေတဲ့အတွက်ကြောင့် လိုချင်တဲ့အဖြေမရဘဲ ငြိမ်းချမ်းရေးနဲ့ ဝေးနေရခြင်းဖြစ်တယ်လို့ ယူဆတဲ့အတွက်ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းမှုစကားဝိုင်းဆိုတဲ့ အမည်တပ်လိုက်တာနဲ့ ဆွေးနွေးသူအားလုံးမှာ အပေးအယူ၊ အလျှော့အတင်း၊ ဈေးဆစ်ခြင်း သဘောတရားတွေပါလာပါပြီ။ အယူချည်းသက်သက်၊ အလျှော့ပေးလိုက်လျောလိုခြင်းမရှိ၊ ကိုယ့်ဘက်က အသာရဖို့ အမြတ်သက်သက်ပဲတွက်တဲ့ စေ့စပ်ညှိနှိုင်းမှုမျိုးမှာ ဘာသဘောတူညီမှုမျိုးမှမရနိုင်သလို အောင်မြင်စရာအကြောင်းလည်း မရှိပါဘူး။

နိုင်ငံတော်ဘုံအကျိုးစီးပွားနဲ့ မိမိအကျိုးစီးပွားမှာ အကျိုးစီးပွားချင်း မတူကြတဲ့အတွက် ဦးတည်ချက်ခြင်းလည်း မတူနိုင်ပါဘူး။ နိုင်ငံတော်အကျိုးနဲ့ ပြည်ထောင်စုအကျိုးစီးပွား၊ ရှေးရှုသူနဲ့ လျစ်လျူရှုသူအကြားမှာ ရိုးသားဖြောင့်မတ်မှုဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ စေတနာအရာမှာ များစွာကွာဟသွားပါတယ်။ စာမျက်နှာ ၇ သို့ ◆

> **“အောင်မြင်တဲ့ ညှိနှိုင်းမှုမှာ ထားရမယ့် အခြေခံစိတ်ထားကောင်းများ...၊ လိုအပ်ချက်နဲ့ ဖြည့်ဆည်းပေးရမယ့်အရာတွေက စိတ်ထားကောင်းတွေရှိဖို့နဲ့ ခံယူချက်ကောင်းတွေထားဖို့ပါပဲ။ ကိုယ်ချင်းစာစိတ်မရှိ၊ မေတ္တာမထား၊ ငါစွဲအတ္တစွဲ၊ မောက်မာမှုများပြီး ပညာဉာဏ်နည်းသူတွေနဲ့ ညှိနှိုင်းရပြီဆိုရင် အောင်မြင်ဖို့အခွင့်အရေးက မရှိသလောက်ပါပဲ။ ကိုယ်ချင်းစာစိတ်မှာ သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်တတ်မှုတွေပါမယ်၊ စိတ်ရှည်သည်းခံမှုတွေပါလာမယ်၊ ငါလိုချင်သလို သူလည်းရချင်မှာပဲ သူ့ဘက်ကို ခံစားပေးမှု၊ ရဖို့အတွက်ရော ပေးဖို့အတွက်ပါ ဖြစ်နိုင်ရင် အများအတွက်ဖြစ်ပါက ရဖို့ထက် ပေးဖို့ဆိုတဲ့ မြင့်မြတ်တဲ့ အတ္တပရစိတ်ထား၊ ငါနဲ့သူ အကျိုးစီးပွားချင်းက အတူတူဆိုတဲ့ ရှုမြင်ပုံအပြင် ကိုယ့်အကျိုးထက် သူ့အကျိုးစီးပွားကို ပိုအလေးထားတဲ့ ထားသင့်တဲ့မေတ္တာ၊ ပိုအရေးကြီးတာက ကြားကမြေစာပင်ဖြစ်ရရှာတဲ့ ပြည်သူတွေ ဒေသခံတွေအတွက် ကိုယ်ချင်းစာတရား၊ ကရုဏာတရားနဲ့ စဉ်းစားပေးနိုင်စွမ်း၊ ငါကစလို့ ဖြစ်ရတဲ့ ငါ့ကြောင့်ဆိုတဲ့ ဆင်ခြင်နိုင်စွမ်း၊ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားတွေရဲ့ ဆင်းရဲဒုက္ခတွေအပေါ် ငဲ့ညှာသနားမှု...”**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်းနှင့် Set Top Box များ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းမြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တပ်မတော်သားများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလတွင်ရော၊ အငြိမ်းစားဘဝရောက်ရှိသည့်အချိန်ထိတိုင် နိုင်ငံ့အကျိုးကို ထမ်းဆောင်လျက်ရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ စစ်မှုထမ်းဟောင်းများ အနေဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး သင့်တော်သည့် ကဏ္ဍများတွင် နိုင်ငံတော် တည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး သတင်းတု၊ သတင်းမှားများကို ဆန်းစစ်ဝေဖန်နိုင်ပြီး သတင်းမှန်ကို ခွဲခြားသိရှိမှသာ ဆောင်ရွက်ချက်များ ပိုမိုတန်ဖိုးရှိမည် ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်း အဖွဲ့သို့ ယခုလိုလှူဒါန်းရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း) က ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် များစွာအကျိုးကျေးဇူး ရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းများနှင့် မိသားစုဝင်များအား အသိအမှတ်ပြုသည့်အတွက် အားတက်ရပါကြောင်း ပြောကြားခဲ့သည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ်နှင့်အတူ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်း အမှတ် ၅၊ မိုးစွေသို့ သွားရောက်၍ တောတွင်းလက်တွေ့လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ တတိယနှစ် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားသွားရန်လိုကြောင်း၊ ထို့ပြင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအတွက်လည်း အခွင့်အလမ်းများစွာရှိကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ကြားပေးသည့် တက္ကသိုလ်ဖြစ်သည့်အပြင် သုတေသနဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်နေသည့်အတွက် သုတေသနလေ့လာမှုများကိုလည်း ဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်မှသင်ကြားပေးလိုက်သည့် စာတွေ့သင်ခန်းစာများနှင့် ယခုတောတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ ပေါင်းစပ်၍ ကြိုးစားလေ့လာသင်ယူသွားရန်၊ ကျောင်းသား ကျောင်းသူအချင်းချင်း Team Work ဖြင့် ဆောင်ရွက်သွားရန် မှာကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ၏ တောတွင်းကွင်းဆင်းဆောင်ရွက်နေမှုနှင့် သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် တတိယနှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုတောတွင်း လက်တွေ့ကွင်းဆင်းရာတွင် တောအမျိုးအစားခွဲခြားခြင်းနှင့် သစ်မျိုးခွဲခြားခြင်း၊ သစ်တောမြေဆီလွှာနှင့် သစ်တောမြေတိုင်းတာခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်နှင့် အကွက်နယ်နိမိတ် စစ်ဆေးခြင်းနှင့် နယ်နိမိတ် ဘုတ်တိုင်များ ပြင်ဆင်ခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတွင် ကျရောက်တတ်သည့် ပိုးမွှားများ ကာကွယ်ခြင်း၊ စိုက်ခင်းဟောင်းများ မီးကာကွယ်ခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ စာမျက်နှာ ၆ မှ

အမှားကိုမြင်ပြီး အမှန်အတိုင်းလုပ်တတ်တဲ့ ရိုးသားမှုနဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်တဲ့ ဖြောင့်မတ်မှုအပေါ်မှာ တန်ဖိုးထားတတ်မှုက အခြေခံလိုအပ်မှုပါ။

ရိုးသားဖြောင့်မတ်သူ တစ်ယောက်ဟာ လှည့်ဖြားကောက်ကျစ်ခြင်းမရှိ၊ တခြားသူအပေါ်မှာ လေးစားမှု၊ ယုံကြည်မှုနဲ့ နားလည်မှုကို ပေးစွမ်းနိုင်ပြီး မိမိအကျိုးစီးပွားကို အလွန်အမင်းရှေ့တန်းတင်လေ့မရှိပါဘူး။ မိမိအကျိုး ဘေးဖယ်ထားဖို့ကလည်း အတ္တ၊ လောဘ၊ ဉာဏ်ပညာအမြော်အမြင်ပေါ်မှာ အဓိကမူတည်နေပြန်တယ်ဆိုတော့... ညှိနှိုင်းမှုစကားဝိုင်းတစ်ခုမှာ မြင့်မားတဲ့ စိတ်ထား သဘောထားတွေအပေါ် အခြေမခံဘဲ၊ အားလုံးအတွက် အဆင်ပြေမယ့် အပေးအယူတစ်ခုခုကို လျစ်လျူရှုနေသရွေ့ ညီညွတ်မျှတတဲ့ မျှခြေတစ်ခုကို ဘယ်လိုမှ မရနိုင်ပါဆိုတဲ့အချက်ကို သိထားရပါမယ်။

ညှိနှိုင်းမှုကနေ မတူညီတဲ့ကွာဟချက်တွေအကြား တဖြည်းဖြည်း ကျဉ်းမြောင်းလာမယ်၊ မတူညီရာကနေ တူညီချက်တွေရှိလာမယ်၊ ဝေးနေရာကနေ နီးလာပြီး အပြန်အလှန်အကျိုးရှိမှသာ ထိရောက်အောင်မြင်တဲ့ ညှိနှိုင်းမှုလို့ ခေါ်ဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စေ့စပ်ညှိနှိုင်းခြင်းကို အကြမ်းမဖက် ယဉ်ကျေးသိမ်မွေ့ပြီး ငြိမ်းချမ်းရေးလိုလားသူတွေရဲ့ အနုပညာဆန်တဲ့ အရည်အသွေးတစ်ခုအဖြစ် တင်စားကြခြင်းဖြစ်ပါတယ်။

## ကိုယ်ရည်ကိုယ်သွေးကို အခြေခံလို့

အပေါ်မှာ တင်ပြခဲ့ပါတယ်။ **အောင်မြင်တဲ့ ညှိနှိုင်းမှုမှာထားရမယ့် အခြေခံ စိတ်ထားကောင်းများ...၊ လိုအပ်ချက်နဲ့ဖြည့်ဆည်းပေးရမယ့်အရာတွေက စိတ်ထားကောင်းတွေရှိဖို့နဲ့ ခံယူချက်ကောင်းတွေ ထားဖို့ပါပဲ။ ကိုယ်ချင်းစာစိတ်မရှိ၊ မေတ္တာမထား၊ ငါစွဲအတ္တစွဲ၊ မောက်မာမှုများပြီး ပညာဉာဏ်နည်းသူတွေနဲ့ ညှိနှိုင်းရပြီဆိုရင် အောင်မြင်ဖို့ အခွင့်အရေးက မရှိသလောက်ပါပဲ။ ကိုယ်ချင်းစာစိတ်မှာ သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်တတ်မှုတွေပါမယ်၊ စိတ်ရှည်သည်းခံမှုတွေ ပါလာမယ်၊ ငါလိုချင်သလို သူလည်းရချင်မှာပဲ သူ့ဘက်ကို ခံစားပေးမှု၊ ရဖို့အတွက်ရော ပေးဖို့အတွက်ပါ ဖြစ်နိုင်ရင် အများအတွက်ဖြစ်ပါက ရဖို့ထက် ပေးဖို့ဆိုတဲ့ မြင့်မြတ်တဲ့ အတ္တပရစိတ်ထား၊ ငါနဲ့သူ အကျိုးစီးပွားချင်းက အတူတူဆိုတဲ့ ရှုမြင်ပုံအပြင် ကိုယ့်အကျိုးထက် သူ့အကျိုးစီးပွားကို ပိုအလေးထားတဲ့ ထားသင့်တဲ့မေတ္တာ၊ ပိုအရေးကြီးတာက ကြားကမြေစာပင်ဖြစ်ရရှာတဲ့ ပြည်သူတွေ ဒေသခံတွေအတွက် ကိုယ်ချင်းစာတရား၊ ကရုဏာတရားနဲ့စဉ်းစားပေးနိုင်စွမ်း၊ ငါကစလို့ ဖြစ်ရတဲ့ ငါ့ကြောင့်ဆိုတဲ့ ဆင်ခြင်နိုင်စွမ်း၊ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားတွေရဲ့ ဆင်းရဲဒုက္ခတွေအပေါ် ငဲ့ညှာသနားမှု...။**

ကိုယ့်ကိုယ်ကိုယ် ပြန်ဝေဖန်တယ်၊ ပြန်သုံးသပ်ရမယ်ဆိုတာ ဒါကိုဆိုလိုတာပါ။ ငါစွဲနဲ့ အတ္တများနေသရွေ့လည်း ပြည်ထောင်စုစိတ်ဓာတ်ဆိုတာကြီးနဲ့ ဝေးနေဦးမှာပဲ။ အားလုံးဟာ ငါ့နိုင်ငံ၊ ငါ့ပြည်ထောင်စု၊ ငါတို့တိုင်းရင်းသားတွေပဲဆိုတဲ့ တစ်သားတည်းဖြစ်တည်နေသောစိတ် ထားနိုင်မှသာ...။

ဒီလိုစိတ်ထားတွေဟာ ငြိမ်းချမ်းရေးညှိနှိုင်းစားပွဲမှာ ဖြစ်တည်ရမယ့် အခြေခံစိတ်ထားတွေပါပဲ။ ပြန်ချုပ်ရရင် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ နိုင်ငံတော်အရေးနဲ့ ငြိမ်းချမ်းရေးကို စိတ်ဓာတ်အလွန်ကြံ့ခိုင်သူတွေသာလျှင် ဖော်ဆောင်နိုင်ကြပါတယ်။ သို့သော် ပညာဉာဏ်အမြော်အမြင်နဲ့ ဆင်ခြင်တုံတရားများဆိုတာမှာ တစ်ယောက်တည်း တစ်ဖက်တည်းမှာ ရှိနေရုံနဲ့လည်းမရပါဘူး။ သက်ဆိုင်ပါဝင်သူအားလုံးမှာ ရှိရမယ့် ကိုယ်ရည်ကိုယ်သွေးတွေ ဖြစ်နေလို့ပါပဲ။

ရိုးသားဖြောင့်မတ်မှုနဲ့အတူ အလွန်အကျွံလောဘကိုလျှော့၊ ငါစွဲနည်းနည်းနဲ့ အစွန်းလွတ်ကြမှသာ လူမျိုးရေး၊ ဘာသာရေး အတ္တအစွဲတွေကို လွှတ်ချနိုင်မှာ ဖြစ်ပါတယ်။ ထိုအခါ အားလုံးတညီတညွတ်တည်း ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီးမှ ရလာတဲ့ ငြိမ်းချမ်းရေးအရသာဟာ လက်နက်ကိုင်ခြင်း အရသာထက် ပိုကောင်းတယ်ဆိုတာ သိရှိလာကြမှာဖြစ်ပြီး ထိုသို့သိလာတဲ့အချိန်... အပြန်အလှန် လေးစားယုံကြည်မှုနဲ့ နားလည်မှုတွေဟာလည်း ကျွဲကူးရေပါဆိုသလို လိုက်ပါလာမှာ သေချာပါတယ်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနဲ့ ထာဝရငြိမ်းချမ်းရေးဆိုတဲ့ အမျိုးသား ဘုံအကျိုးစီးပွားအပေါ်မှာ ကျွန်တော်တို့အားလုံး အတူတကွ ရပ်တည်ပြီး လက်တွဲပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ။

# လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာန၏လက်အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏ သက်မွေးလုပ်ငန်းများ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ ပိုမိုပေါ်ထွန်းလာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်သည့် သင်တန်းများဖြစ်သဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်သာမက အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပြီး ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားပြီး အိမ်တွင်းမှုပညာရပ်များကို ပြည်သူများ လက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ကျောင်းအခြေပြုသင်တန်း၊ ရပ်ရွာအခြေပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဆန်းသစ်သောနည်းပညာများကို စဉ်ဆက်မပြတ်သင်ကြားပေးနိုင်ရန်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူလိုအပ်သော အသက်မွေးပညာရပ်များကို အသုံးချနိုင်သည်အထိ သင်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ကြရန် မှာကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လာကြသည့် တာဝန်ရှိသူများက အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်း မီးသတ်ဦးစီးဌာနမှူး၊ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးနှင့် မီးသတ်ဦးစီးမှူးရုံး အင်ဂျင်နီယာအဖွဲ့တို့ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန နေပြည်တော်တိုင်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် ဥတ္တရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်တို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ကြည့်ရှုအားပေးခဲ့ကြပြီး လက်တွေ့ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ကျေးရွာစာကြည့်တိုက် နှစ်တိုက် ဖွင့်လှစ်

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ၌ လောကအလင်းစာကြည့်တိုက်နှင့် လယ်သာကျေးရွာ၌ သုခချမ်းသာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ဦးစွာ လောကအလင်းစာကြည့်တိုက်နှင့် သုခချမ်းသာ စာကြည့်တိုက် အဆောက်အအုံသစ်ကို နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဦးမင်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောနိုင်၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ ဦးမင်းဦးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စာကြည့်တိုက်အတွက် MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box၊ စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီမှ မတည်အလှူငွေကျပ်နှစ်သိန်း၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက မတည်အလှူငွေကျပ် တစ်သိန်း၊ ဒေသခံအလှူရှင်များက အလှူငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ(ပြန်/ဆက်)**

# ပုလောမြို့ အထက(၁)၌ မူလတန်းကြို သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်

**ပုလော ဖေဖော်ဝါရီ ၄**

တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်းကြို သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကို ယနေ့နံနက် ၉ နာရီခွဲက နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးမြကိုက အဖွင့်အမှာစကား ပြောကြားပြီး ပညာရည်ချွန်ဆုနှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်းကြို သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူ ၉၈ ဦးတို့အား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# လွိုင်ကော်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် လွိုင်ကော်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သမဝါယမအသင်း အသစ်ထပ်မံဖွဲ့စည်းသော နွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်မည့် မြရောင်ခြယ် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ်သန်း ၂၀၊ ရက်ကန်းလုပ်ငန်း၊ ပရိဘောဂလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်မည့် စည်းလုံးခြင်း စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ် ၅၄ သန်းနှင့် သီးနှံရောင်းဝယ်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အောင်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ မတည်ပံ့ပိုးငွေကျပ်သန်း ၇၀ စုစုပေါင်း မတည်ပံ့ပိုးငွေကျပ် ၁၄၄ သန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအနေနဲ့ ထုတ်ကုန်အမျိုးပေါင်း ၆၅ မျိုးနဲ့ ပစ္စည်းအမယ်ပေါင်း ၆၃၀ ကျော်ကို MSME လုပ်ငန်းရှင် ၈၉ ဦးက ပါဝင်ပြသရောင်းချသွားမှာဖြစ်ပါတယ်

ဦးတင်ဦး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိတပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး၊ ကယားပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ ပြည်နယ်အနေနဲ့ အရင်နှစ်ကထက် ပစ္စည်းတွေ စုံစုံလင်လင်နဲ့ ခမ်းခမ်းနားနားပါဝင်ပြသနိုင်ဖို့ စီစဉ်ထားပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ ဒေသထွက်ကုန်ကြမ်းတွေကို အသုံးပြုပြီး ထုတ်လုပ်ထားတဲ့ပစ္စည်းတွေ၊ OROP အနေနဲ့ ဆန်မွှေး၊ နှမ်းနက်၊ အစေ့ထုတ်ပြောင်း၊ ကယားဝက်အူချောင်းတွေကို ပါဝင်ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ကယားရိုးရာဝတ်စုံတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ကယားရိုးရာ စားသောက်ဆိုင်တန်းမှာ ကယားဒေသထွက်ကုန်ပစ္စည်းတွေကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ဒီလို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေက ဒေသရဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေပါတယ်။ ဒီပြပွဲရဲ့ ရည်ရွယ်ချက်ကိုက တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဒေသထုတ်ကုန်တွေကို ဒီပွဲမှာပြသမယ်၊ ရောင်းချမယ်။ လိုတဲ့သူတွေကလည်း ဝယ်ယူနိုင်ရမယ်။ ထုတ်လုပ်တဲ့သူတွေကိုယ်တိုင်လည်း သူများတွေ ဘယ်လိုထုတ်လုပ်နေသလဲဆိုတာ လေ့လာနိုင်ရမယ်။ ဒေသကကုန်ကြမ်းတွေကို အသုံးပြုပြီး ကုန်ချောတွေထွက်အောင် ဘယ်လိုရောင်းချမလဲ။ ဒီကုန်ချောတွေကို ပြည်တွင်းပြည်ပကို ဘယ်လိုရောင်းချမလဲ ဒီအတွက်ဈေးကွက်ကို ဒီမှာချိတ်ဆက်ရှာဖွေနိုင်ပါတယ်။ တိုင်းရင်းသားအားလုံး ဒီမှာဆုံတွေ့ပြီး တစ်ယောက်ရဲ့ပြခန်းကိုတစ်ယောက်က လေ့လာနိုင်တဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်တွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ဒါကြောင့် အင်မတန်အကျိုးကျေးဇူးရတဲ့ ပြပွဲလို့ ပြောကြားလိုပါတယ်။

**ဦးတင်ဦး( စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲကို နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံး ပါဝင်ပြီး MSMEထုတ်ကုန်တွေ ခင်းကျင်းပြသတာဟာ ဒေသအသီးသီးရဲ့ ထုတ်ကုန်အချင်းချင်း ယှဉ်ပြိုင်မှုကတစ်ဆင့် အရည်အသွေးမြင့်ထုတ်လုပ်မှု ပိုမိုမြင့်မားတိုးတက်လာစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ကို ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါတယ်။ အခုလို ကျင်းပပေးခြင်းအားဖြင့် MSME လုပ်ငန်းရှင်တွေ တစ်နေရာတည်းမှာ တစုတစည်းတည်း စုစည်းခွင့်ရသလို မိမိတို့ လုပ်ငန်းတွေအတွက်လည်း နည်းပညာသစ်တွေကို အမြင်ချင်းဖလှယ်နိုင်မှာဖြစ်ပါတယ်။ စွန့်ဦးတီထွင်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေ သိနားလည်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအနေနဲ့ ထုတ်ကုန်အမျိုးပေါင်း ၆၅ မျိုးနဲ့ ပစ္စည်းအမယ်ပေါင်း ၆၃၀ ကျော်ကို MSMEလုပ်ငန်းရှင် ၈၉ ဦးက ပါဝင်ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေက အတိုးနှုန်းသက်သာစွာ ထုတ်ပေးထားတဲ့ ၂ ဒသမ ၇ ဘီလီယံကျော်ကို အရင်းအနှီးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေပြောင်းလဲဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ အရင်းအနှီး၊ စက်ကိရိယာ၊ နည်းပညာ၊ ပါကင်စက်တွေအပါအဝင် ပြုပြင်ဆောင်ရွက်ခဲ့တဲ့ ထုတ်ကုန်တွေကိုလည်း တစုတဝေးတည်း ပြသမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးက ထုတ်လုပ်တဲ့ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နဲ့ ရှစ်တန်းသွား လူစီးကောက်စိုက်စက်တွေကို ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးက စွန့်ဦးတီထွင်ထားတဲ့ စက်တွေက လုပ်သားအင်အား အများအပြားမလိုဘဲ စက်မောင်းနဲ့အကူနှစ်ဦး စုစုပေါင်းသုံးဦးသာ လိုအပ်တဲ့အတွက် လုပ်သားအင်အားရှားပါးမှုပြဿနာကိုလည်း အထိုက်အလျောက်ဖြေရှင်းနိုင်မှာဖြစ်ပြီး ကုန်ကျစရိတ်ရဲ့ ၈၀ ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ လက်ဆွဲကောက်စိုက်စက်၊ လူစီးကောက်စိုက်စက်တွေနဲ့ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို သုံးနာရီနဲ့ တစ်ရက်ကို သုံးဧကစိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဆီစားသက်သာတဲ့အတွက် ဆီဖိုးအနေနဲ့ ငွေကျပ် ၈၅၀၀ လောက်သာ ကုန်ကျမှာဖြစ်ပါတယ်။ ဒီစက်ကို အသုံးပြုတဲ့အတွက် အပင်ကြား၊ အတန်းကြားက ညီညာတဲ့အတွက် တောင်သူတွေအတွက် ဆေးဖျန်းရတာလွယ်ကူပြီး ကောက်ပင်တွေက အစာအာဟာရတွေကို စားသုံးနိုင်တဲ့အတွက် အထွက်နှုန်းတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်တွင်းက အခုလို ထုတ်လုပ်လိုက်တဲ့အတွက် နိုင်ငံခြားသွင်းကုန်နဲ့ပတ်သက်ပြီး ပစ္စည်းရဲ့ဈေးနှုန်းကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီစက်ကို ရောင်းချရာမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သက်ဆိုင်ရာကုမ္ပဏီနဲ့ပူးပေါင်းပြီး အာမခံစနစ်ကို ထည့်သွင်းထားပါတယ်။

ဒီစက်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်ပါတယ်။ အဖိုးနှုန်းချိုသာစွာနဲ့ တင်သွင်းဖြန့်ဖြူးရောင်းချသွားမှာဖြစ်တဲ့အတွက်ဝယ်ယူလိုတဲ့ တောင်သူတွေအနေနဲ့ အဖိုးနှုန်းသက်သာစွာနဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ချိတ်ဆက်ပြီး အရစ်ကျငွေပေးချေမှုစနစ်နဲ့လည်း ဝယ်ယူနိုင်အောင်ဆောင်ရွက်ပေးထားပါတယ်။ ဒါကြောင့် အကျိုးကျေးဇူးများစွာ ရရှိစေမှာဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း)**

ဒီပြပွဲပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းအနေနဲ့ အကိုက်အခဲပျောက်လိမ်းဆေး၊ အဖျားပျောက်ဆေး၊ သွေးဆေး၊ အားဆေးစသဖြင့် တိုင်းရင်းဆေးမျိုးစုံကို လာရောက်ပြသမှာဖြစ်ပါတယ်။ မြန်မာသာမက ကမ္ဘာမှာပါ အများပြည်သူက တိုင်းရင်းဆေးကို အားကိုးပါတယ်။ တိုင်းရင်းဆေးက သုံးစွဲရတာလည်းလွယ်ကူသလို ဘေးထွက်ဆိုးကျိုးလည်း အင်မတန်နည်းပါတယ်။ ဒါကြောင့် သဘာဝဆေးဖြစ်တဲ့ တိုင်းရင်းဆေးကို နှစ်နှစ်ခြိုက်ခြိုက်သုံးစွဲကြတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တို့က မြန်မာနိုင်ငံအနှံ့အပြားက မိသားစုတွေရဲ့ တိုင်းရင်းဆေးသုံးစွဲမှုကို WHO ရဲ့ လမ်းညွှန်ချက်နဲ့အညီ သုတေသနပြုလုပ်ခဲ့ပါတယ်။ ဒီလို သုတေသနပြုတဲ့အခါ ၉၆ ရာခိုင်နှုန်းသော မြန်မာမိသားစုတွေက တိုင်းရင်းဆေးကို သုံးစွဲတာတွေ့ရပါတယ်။

MSME ထုတ်ကုန်ပြပွဲမှာ ကျွန်တော်တို့ တိုင်းရင်းဆေးကဏ္ဍအနေနဲ့ ပထမဆုံး လာရောက်ပြသတာဖြစ်ပါတယ်။ အများပြည်သူအနေနဲ့ မိမိတို့ရဲ့ကျန်းမာရေးအတွက် တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး သိရှိလိုတာတွေကို မေးမြန်းဆွေးနွေးလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှင်းလင်းပြောပြပေးနိုင်ပါတယ်ဆိုတာ ပြောကြားလိုပါတယ်။



ဦးစိန်ဦး



ဦးတင်ဦး



ဦးမောင်မောင်ဦး

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**








ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများနှင့်အတူ

# ကမ္ဘာကို လှုပ်ခတ်သော ရွေးကောက်ပွဲ ကတိများ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတ ဒေါ်နယ်ထရမ့်သည် ၄၇ ဦးမြောက် အမေရိကန်နိုင်ငံသမ္မတအဖြစ် ဒုတိယအကြိမ်ဖြစ်ခဲ့ပါပြီ။ ၂၀၂၁ ခုနှစ် သမ္မတဘိုင်ဒင် စတက်ကတည်းက အုတ်အော်သောင်းတင်း ကက်ပီတယ်စီးနင်းမှုမှာ ထရမ့်ပါဝင်မှုမကင်းဆိုသည့် စွပ်စွဲချက်များနှင့်အတူ ထရမ့်နှင့်ဘိုင်ဒင်၊ ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တို့၏ ပြိုင်ဆိုင်မှုများက တောက်လျှောက်ပြင်းထန်နေခဲ့ရာ ယခုရွေးကောက်ပွဲမတိုင်မီ ထရမ့်လုပ်ကြံခံရမှုနှင့်အတူ ဆိုးဆိုးရွားရွားအဖြစ်အပျက်များ၊ ခါးသီးနာကြည်းမှုများ ထင်ဟပ်နေသည့်အမေရိကန်နိုင်ငံရေးနှင့် ထရမ့်၏ ပြည်တွင်း ပြည်ပမူဝါဒ ရပ်တည်ချက်များကား တစ်ကမ္ဘာလုံးကို စိတ်ဝင်စားဖွယ်ရာဖြစ်စေခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေး ယူဆောင်ပေးမည်ဟု ဆိုနေသော်လည်း လက်တွေ့တွင် လောင်စာသဖွယ် တစ်ကမ္ဘာလုံးနှင့် ထိပ်တိုက်တွေ့ရမည့်အခြေအနေဆီ တွန်းပို့နေသည့် သမ္မတထရမ့်၏ ရွေးကောက်ပွဲကတိစကားများနောက်ဆက်တွဲမှာ ဘာတွေဖြစ်လာနေ၍ ဘာတွေဖြစ်လာနိုင်ပါသလဲ...။

**MAGA နှင့်အတူ အမေရိကန်တို့၏မျှော်လင့်ချက်**

ထရမ့်၏ ကိုယ်ရည်ကိုယ်သွေးတွင် ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်တန်းတန်းပြောတတ်ခြင်းက နောင်တွင် အကောင်းရော အဆိုးပါ ဒွန်တွဲလာနိုင်သည်။ သဘောတရားထက် လက်တွေ့ပိုဆန်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကြီးမားနေပုံရသည်။

အာဃာတတရားကြီးမားပုံရပြီး သူ၏ရပ်တည်ချက်တချို့ကြောင့် အရာရာသည်းမခံနိုင်သူ တစ်ယောက်အလား သူ့အပေါ်မြင်မိသည်။ အမျိုးသားရေးဘက် ပိုအားသန်ပုံက အားကျစရာဖြစ်ရသည်။ ထရမ့်ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ဥရောပမှ လက်ျာစွန်းအတိုက်အခံနိုင်ငံရေးသမားများကို အလေးထားဖိတ်ကြားခဲ့သည်ကိုကြည့်၍ လက်ရှိဥရောပခေါင်းဆောင်များအပေါ် ထရမ့်၏ သဘောထားအချို့ကို ခန့်မှန်း၍ ရနိုင်ပါမည်။ နိုင်ငံရေးထက် စီးပွားရေးကို ပိုအလေးထားသည်ဆိုသော်လည်း သူခန့်ထားသည့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကိုကြည့်လျှင် သူ၏နိုင်ငံရေးဇကို လျှော့တွက်၍မရ။

မလုပ် မရှုပ် မပြုတ် အစိုးရဝန်ထမ်းတချို့ကို ဖြုတ်ပစ်မည်ဟူသောသဘောထားက သူ၏အုပ်ချုပ်ရေးအမြင်ကို ခန့်မှန်းရခက်စေသည်။ ထို့ပြင် ထရမ့်သည် လုံခြုံရေးဆိုင်ရာကိစ္စများတွင် အများနှင့်မတူဘဲ ဆန့်ကျင်ဘက်ကို အပြင်းထန်ဆုံးဖိအားပေးပြီး




အထိရောက်ဆုံး အင်အားသုံးဖြေရှင်းတတ်သူတစ်ဦးဖြစ်မည်ဟုလည်း ယူဆနိုင်သည်။

အရာရာအားလုံးတွင် **“Make America Great Again”** ဟူသည့် ရွေးကောက်ပွဲ campaign နှင့်အတူ MAGA တို့၏ ခေါင်းကိုင်ဖခင်ကြီး ထရမ့်က အမေရိကန်သာ ပထမဖြစ်ရမည်ဟုဆိုလေရာ အမေရိကန်လူငယ်အများစုအတွက် သည်းခြေကြိုက်ဖြစ်နိုင်သော်လည်း အမေရိကန်အချုပ်အခြာကို ထိန်းသိမ်းခဲ့သူ လူကြီးများနှင့် ကမ္ဘာ့နိုင်ငံအချို့အတွက်တော့ နားခါးဖွယ် ထိတ်လန့်ဖွယ်များဖြစ်မှာမလွဲဟု ယူဆပါသည်။ ဆုတ်ယုတ်ကျဆင်းနေသည့် အမေရိကန်ကို ပြန်လည်ကယ်တင်ပြီး အမေရိကန်ရွှေခေတ် Golden Age of America ကို ပြန်လည်ထူထောင်မည့်သမ္မတကြီး၏ ကတိစကားများသည် အမေရိကန်လူငယ်များအတွက်တော့ မျှော်လင့်ချက်များ ဖြစ်နိုင်သည်။

**မဟာမိတ်များနှင့်ရော ပြိုင်ဘက်နှင့်ပါ ရန်ဘက်သဖွယ်ဖြစ်လာနေသည့် သဘောထားများ**

ဒေါ်နယ်ထရမ့်၏ နိုင်ငံခြားတိုင်းပြည်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှုသဘောထားကိုလေ့လာလျှင် သူသည် အဖွဲ့စုံနိုင်ငံစုံ Multi lateral သဘောတူညီချက်ပုံစံများကို နှစ်သက်ပုံမရဘဲ တစ်နိုင်ငံချင်းအလိုက် Unilateral သဘောတူညီချက်မျိုးကိုသာ ပိုကြိုက်ပုံရသည်။ လတ်တလောလုပ်ဆောင်ချက်များကိုကြည့်လျှင် အမေရိကန်၏ နိုင်ငံခြားအကူအညီပေးရေး အစီအစဉ်အားလုံး ရက် ၉၀ ဆိုင်းငံ့လိုက်သည်ကို တွေ့ရသည်။ WHO မှ နုတ်ထွက်လိုက်ပြီး ရာသီဥတုဆိုင်ရာ ပါရီသဘောတူညီချက်များမှလည်း နုတ်ထွက်တော့မည်ဖြစ်သည်။ NATO အုပ်စုအား အမေရိကန်က အဓိကတာဝန်ယူနေရမှုအပေါ် ကျန်နိုင်ငံများကပါ ခွဲဝေတာဝန်ယူကြရန် ဖိအားပေးခြင်းကြောင့် နောင်တွင် အမေရိကန်မပါသည့် NATO ပုံစံကို မြင်တွေ့ရဖွယ်ရှိနေသည်။ အမေရိကန်နိုင်ငံခြားရေးမူဝါဒနှင့် ကိုက်ညီခြင်းရှိ/မရှိ၊ အမေရိကန်အကျိုးစီးပွားနှင့် ကိုက်ညီခြင်းရှိ/မရှိ၊ အထူးသဖြင့် သူတန်ဖိုးထားသည့် အမေရိကန်တန်ဖိုးများနှင့် ဆန့်ကျင်မှုရှိ/မရှိ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ဆီလျော်လျှင် ဆက်လုပ်မည်၊ မဆီလျော်လျှင် လမ်းသစ်ဖောက်မည့် သဘောများ တွေ့မြင်ရသည်။

ထိုကဲ့သို့ သဘောထားများကြောင့် မဟာမိတ်ခေါင်းဆောင်များနှင့်လည်း ရန်ဘက်သဖွယ်ဖြစ်လာနေသည်။ ရွေးကောက်ပွဲမတိုင်ခင်က ဒီမိုကရက်တစ်ပါတီကို ကူညီအားပေးခဲ့ပြီး ထရမ့်အား ပုတ်ခတ်စော်ကားခဲ့သော အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ် စတားမားကို ပြုတ်ကျသွားအောင်လုပ်မည်ဟု ကြိမ်းဝါးချက်က အစဉ်အလာမဟာမိတ်များအဖြစ်မှ သွေဖည်စေမည်ဖြစ်သည်။ နောက်ထပ် Issue တစ်ခုက ၁၈၈၀ ပြည့်နှစ်တွင် ပြင်သစ်နှင့်ပေါင်းပြီး အမေရိကန်တို့ဖောက်လုပ်ခဲ့သည့် ပနားမားတူးမြောင်းအရေးဖြစ်သည်။ တူးမြောင်းဖောက်ရာတွင် အမေရိကန်လူမျိုးအသက်ပေါင်းများစွာ စတေးခဲ့ရသည်ဟုဆိုသည်။ တူးမြောင်းကို သမ္မတဂျင်မီကာတာက ၁၉၉၉ ခုနှစ်တွင် လက်ဆောင်အဖြစ်ပေးခဲ့သည့်အတွက် ပနားမားထိန်းချုပ်မှုအောက်ရောက်သွားသည့် ထိုတူးမြောင်းကို ထရမ့်က ပြန်လိုချင်နေခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေကြောင်းကုန်သွယ်မှု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး နှစ်စဉ် ကုန်တင်သင်္ဘော ၁၄၀၀၀ ခန့် ဖြတ်နေသည့် ပနားမားတူးမြောင်းကို တရုတ်က လုံးဝထိန်းချုပ်ထားသည်ဟုယူဆ၍ ထရမ့်က မခံမရပ်နိုင်ဖြစ်နေပုံရသည်။

နိုင်ငံခြားတိုင်းပြည်များနှင့် အဖွဲ့အစည်းများအပေါ် ထရမ့်၏မူဝါဒသဘောထားကို လေ့လာကြည့်က အမေရိကန်ကို တရုတ်နိုင်ငံက စီးပွားရေးအရ မဟာဗျူဟာကျကျ ခြိမ်းခြောက်နေသည်ဟု အမြင်ရှိသည်။ ကနေဒါနှင့် ကုန်သွယ်ရာမှာ မျှတမှုမရှိ၊ သူ့ဘက်ကနစ်နာသည်ဟု ထရမ့်ကမြင်နေသည်။ အာတိတ်ဒေသရှိ ဒိန်းမတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဂရင်းလန်ကျွန်းကို ၂၀၁၉ ခုနှစ်က အမေရိကန်က ဝယ်ယူရန်ကြိုးစားခဲ့ဖူးရာ ဒိန်းမတ်ဘက်က ငြင်းပယ်ခဲ့ဖူးသည်။ ရောင်းရန်မဟုတ်ဟု တုံ့ပြန်ထားသည့် ထိုကျွန်းကို စီးပွားရေးကာကွယ်ရေးမဟာဗျူဟာအမြင်ဖြင့် ထရမ့်က ပိုင်ဆိုင်ချင်နေခြင်းဖြစ်သည်။ မက္ကဆီကိုနိုင်ငံက မူးယစ်ရာဇဝိုဏ်းများအပေါ် စစ်ဆင်ရေးပြုလုပ်သွားမည့်အရေးက မက္ကဆီကို၏ အချုပ်အခြာကို ထိပါးရာရောက်နိုင်သလား မေးခွန်းထုတ်စရာဖြစ်နေသည်။ အရှေ့အလယ်ပိုင်းအရေးတွင် အစ္စရေးဘက်မှ ပြတ်ပြတ်သားသားရပ်တည်ပြထားသည့် ထရမ့်အတွက်တော့ အီရန်သည် အမေရိကန်၏အမြဲတမ်းရန်သူဖြစ်နေပြီး၊ ထို့ကြောင့်လည်း အစ္စရေး – အီရန်စစ်ဖြစ်မည့်အလားအလာက ရတက်မအေးစရာဖြစ်လာသည်။

**ငြိမ်းချမ်းရေးကို ဆောင်ယူမည်ဟုဆိုသော်လည်း**

သို့သော် သမ္မတထရမ့်သည် ငြိမ်းချမ်းရေးလိုလားသူအဖြစ် ကြွေးကြော်ထားပြန်ရာ တကယ်တမ်း ငြိမ်းချမ်းရေးဆောင်ကျဉ်းသူအဖြစ် သက်သေပြနိုင်မည်ဟု ယုံကြည်သူများလည်းရှိနေပြန်သည်။ အခြားသောသမ္မတများနှင့်မတူ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း ထရမ့်ကြောင့် စစ်ပွဲများဖြစ်ပွားမှုမရှိခဲ့သည့် အထောက်အထားအရ ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသမားဖြစ်သော်လည်း ယခုသက်တမ်းအတွင်း နိုင်ငံခြားတိုင်းပြည်အချို့နှင့် ထိပ်တိုက်တွေ့နိုင်ဖွယ်ရာများကား ရှိနေသည်။

တစ်ဦးနှင့် တစ်ဦးအကြား မဟာမိတ်များဖြစ်သော်လည်း ယုံကြည်မှုများ၊ နားလည်မှုများ လွဲမှားနိုင်၍ဖြစ်ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ထရမ့်၊ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ထိပ်တိုက်တွေ့လာနိုင်သည်။ စီးပွားရေး၊ စစ်ရေး အပြန်အလှန်ဖိအားပေးမှုများရှိလာနိုင်သည်။ များသောအားဖြင့် ထရမ့်၏မူဝါဒများသည် အမေရိကန်အကျိုးစီးပွား၊ အမေရိကန် First ဦးစားပေးမူဝါဒကို အခြေခံထားသည့်အတွက် အချို့သောလုပ်ဆောင်ချက်များတွင် အစွန်းရောက်မှုများရှိလာနိုင်ပါသည်။ မိမိကပို၍နစ်နာသည်ဟုထင်နေသည့် ကိစ္စရပ်များအတွက် တန်းတူအခွင့်အရေးဟူ၍ အလွန်အမင်း ရှေ့တန်းတင်လာကြလျှင် အကျိုးစီးပွားချင်း ပဋိပက္ခများဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုများ ရှိလာနိုင်သည်ကို မြင်ထားရမည်ဖြစ်ပါသည်။

**ဘာတွေကိုဆင်ခြင်ကြည့်၍ ရနိုင်ပါသလဲ**

ဘယ်အရာကို လုပ်လုပ်၊ ဘာကိုပင်စဉ်းစား စဉ်းစား အရာရာကို အနိုင်ယူလိုခြင်း၊ ကိုယ်သာပထမဖြစ်လိုခြင်းများသည် စိတ်ပိုင်းဆိုင်ရာအနေအထားများအရ များသောအားဖြင့် အတ္တကြီးသူအဖြစ် သမုတ်ခံရနိုင်သည်ကို ဆင်ခြင်ကြည့်ရန်ဖြစ်ပါသည်။ ပြိုင်ဘက်ကို အင်အားသုံး၍ အလဲလဲအကွဲကွဲပြိုကွဲအောင် အနိုင်ယူခြင်းမျိုးသည် အားလုံးအတွက် အနုတ်လက္ခဏာများသာ ဖြစ်လာနိုင်ပါသည်။ လောဘနှင့် ဒေါသကို ရှေ့တန်းတင်လွန်းလျှင် အများနှင့်တစ်ယောက် ဖြစ်သွားတတ်သည်ကို သတိပြုသင့်သည်။

စာမျက်နှာ ၁၁ သို့ ❂

☆ **ဘယ်အရာကို လုပ်လုပ်၊ ဘာကိုပင် စဉ်းစား စဉ်းစား အရာရာကို အနိုင်ယူလိုခြင်း၊ ကိုယ်သာပထမဖြစ်လိုခြင်းများသည် စိတ်ပိုင်းဆိုင်ရာအနေအထားများအရ များသောအားဖြင့် အတ္တကြီးသူအဖြစ် သမုတ်ခံရနိုင်သည်ကို ဆင်ခြင်ကြည့်ရန်ဖြစ်ပါသည်။ ပြိုင်ဘက်ကိုအင်အားသုံး၍ အလဲလဲအကွဲကွဲပြိုကွဲအောင် အနိုင်ယူခြင်းမျိုးသည် အားလုံးအတွက် အနုတ်လက္ခဏာများသာ ဖြစ်လာနိုင်ပါသည်။ လောဘနှင့် ဒေါသကို ရှေ့တန်းတင်လွန်းလျှင် အများနှင့် တစ်ယောက်ဖြစ်သွားတတ်သည်ကို သတိပြုသင့်သည်**

☆ **ဒီခေတ် ဒီလိုအခြေအနေမှာ အင်အားကြီးနိုင်ငံများအနေဖြင့် ခေတ်သစ်ကိုလိုနီအင်ပါယာထူထောင်လိုသည့် စိတ်ကြီးမျိုးလည်း မထားသင့်တော့ပါ။ ကမ္ဘာကြီးဆီ ငြိမ်းချမ်းရေးယူဆောင်ပေးမည်ဟူသော (ကမ္ဘာ့အဆင့်တစ်) အမေရိကန်နိုင်ငံက ငြိမ်းချမ်းရေးအတွက် စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့လျှင် ကမ္ဘာကြီးအတွက် အလွန်ကောင်းသွားမည်**

မြင့်မြတ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အေးသာယာစက်မှုဇုန်၌ လျှပ်စစ်ဆိုလာစနစ်ဆောင်ရွက်မည့်နေရာအား ကွင်းဆင်းစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၄**

တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းရှင်များ MSME ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်မီးအခက်အခဲမရှိစေရေး လျှပ်စစ်ဆိုလာစနစ်ဆောင်ရွက်ရန် ယနေ့နံနက် ၁၀ နာရီက အေးသာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လျှပ်စစ်ဆိုလာစနစ် ဆောင်ရွက်မည့်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ လျှပ်စစ်ဆိုလာစနစ်နှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် UniEngergy ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက လျှပ်စစ်ဆိုလာစနစ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပါက ပြည်သူများနှင့် လုပ်ငန်းရှင်များအတွက် အဆင်ပြေမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်လည်း ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မြေပြင်တွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးကြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း အကြံပြုပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန်အတွင်း လျှပ်စစ်ဆိုလာစနစ် ဆောင်ရွက်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလျှပ်စစ်ဆိုလာစနစ်အား Phase(1) ၁၈ ဧကတွင် ၅ မဂ္ဂါဝပ်ကို အေးသာယာစက်မှုဇုန်နှင့် Phase(2) ၁၂ ဧကတွင် ၅ မဂ္ဂါဝပ်ကို ပြည်သူများအတွက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး တစ်နှစ်အတွင်း ပြီးစီးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(တောင်ကြီး) အဝင်လမ်းဘေး ကွန်ကရစ်ရေနုတ်မြောင်းဖုံးအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဟသ်ာတတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထနှစ်သင်တန်းကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟသ်ာတတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဟသ်ာတမြို့ ပြည်သူ့ဆေးရုံကြီး၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ မျက်စိခွဲစိတ်ကုသပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် မျက်စိခွဲစိတ်ကုသရေးအစီအစဉ်အဖြစ် ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာနန္ဒာအောင်(အထူးကုဆရာဝန်-မျက်စိ)၊ ဒေါက်တာစိုးမိုးဝင်း(လ/ထဆရာဝန်-မျက်စိ)၊ ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာနီနီဝင်း (အထူးကုဆရာဝန်-မျက်စိ)၊ ဟသ်ာတပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာစန္ဒာသိန်း(အထူးကုဆရာဝန်ကြီး-မျက်စိ)တို့က အဖွဲ့သုံးဖွဲ့ခွဲ၍ တစ်နေ့လျှင် ပျမ်းမျှလူနာ ၅၀ အား ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် မြို့မဈေး၌ မီးဘေးလုံခြုံရေး ဟောပြောသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေး၌ မီးဘေးလုံခြုံရေး အတွက် ဟောပြော သရုပ်ပြသခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**အသိပညာပေးပြောကြား**

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောရာတွင် နေပြည်တော် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ဆီမီးလောင်မှု၊ ဂက်စ်မီးဖိုနှင့် ရိုးရိုးမီးဖိုမီးလောင်မှုတို့ကို လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ မီးငြိမ်းသတ်ယာဉ်လေးစီး၊ Hydrulic Platform 48 meter မီးငြိမ်းသတ်ယာဉ်တစ်စီး၊ LUF – 60 တစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေး ဟောပြော သရုပ်ပြသခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ခြင်းသို့ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟ၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများ၊ ဇမ္ဗူသီရိမြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မဈေး စည်ပင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ပူးပေါင်း ပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

❂ စာမျက်နှာ ၁၀ မှ

ကမ္ဘာကြီးမက စကြဝဠာအထိ အလွန်အမင်းပိုင်စိုးချင်သူများအတွက် ဆန့်ကျင်ဘက်ရန်သူသာတိုးလာပြီး အထီးကျန်ဆန်လာနိုင်သည်ကို သတိထားရန်လိုပါမည်။ ယနေ့ခေတ်အနေအထား အရ အပြိုင်အဆိုင်များလွန်း၍ အားလုံးကိုရချင်လွန်း၍သာ ပဋိပက္ခများတန်းစီနေခြင်းဖြစ်သည်။ မျှတမှု၊ တန်းတူညီမှုအပေါ်အခြေခံပြီး မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကြောင်းသည်သာ အသင့်တော်ဆုံးဖြစ်ပါမည်။ တစ်ဦးနှင့်တစ်ဦးအကြား နားလည်မှုနှင့် ယုံကြည်မှုကို တည်ဆောက်ခြင်းဖြင့် တန်းတူညီမျှမျှတမှုကိုဖြစ်စေခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် သမ္မတထရမ့်အနေဖြင့် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ နေတိုး၊ အီးယူ၊ ဂျီဆဲဗင်းအဖွဲ့များကဲ့သို့ ချမ်းသာဆင်းရဲမရွေး ကမ္ဘာ့ခေါင်းဆောင်များကြား ပုံမှန်ဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်သည်ကိုသာ အားလုံးက မြင်လိုကြမည်ဖြစ်သည်။ သို့မှသာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းပြီး အပြန်အလှန်ထိန်းညှိမှုရှိကာ အကျိုးစီးပွားများလည်း သဟဇာတဖြစ်လာမည်ဟု ယုံကြည်ထားပါသည်။

ဘာပဲပြောပြော အမေရိကန်တို့၏ ဒီမိုကရေစီနိုင်ငံရေးသမိုင်းမှာ နောက်ပိုင်း တစ်ဖက်နှင့်တစ်ဖက် ပွဲကြမ်းလာကြသည်ကို သတိထားမိလာသည်။ အဓိကအကြောင်းရင်းက အမေရိကန်ခေါင်းဆောင်ပိုင်းတွင် အမုန်းအာဃာတများ ကြီးမားလာခြင်းနှင့် ကိုယ်ကျိုးအတ္တအမှုများစွာကြောင့် ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံရေးတွင် အာဃာတနှင့် အတ္တများလာလျှင် ထိုနိုင်ငံ၏နိုင်ငံရေးစနစ်မှာလည်း ဆုတ်ယုတ်တိမ်းပါးသွားတတ်သည်ကို သတိထားရန်လိုမည်ထင်သည်။ ဒီမိုကရေစီအပေါ် လူသားများ ယုံကြည်မှုနည်းလာခြင်းမှာ ဒီမိုကရေစီတန်ဖိုးများ ကျဆင်းလာခြင်းကြောင့်ဖြစ်သည်။ ယနေ့ကမ္ဘာ့ပြည်သူများသည် နိုင်ငံတစ်နိုင်ငံတည်းက ကြီးစိုးလိုမှု၊ လက်ဝါးကြီးအုပ်လိုမှုကို မနှစ်သက်ကြတော့ပါ။

ဒီခေတ် ဒီလိုအခြေအနေတွင် အင်အားကြီးနိုင်ငံများအနေဖြင့် ခေတ်သစ်ကိုလိုနီအင်ပါယာထူထောင်လိုသည့် စိတ်ကြီးမျိုးလည်း မထားသင့်တော့ပါ။ ကမ္ဘာကြီးဆီ ငြိမ်းချမ်းရေး ယူဆောင်ပေးမည်ဟူသော ( ကမ္ဘာ့အဆင့်တစ်) အမေရိကန်နိုင်ငံက ငြိမ်းချမ်းရေးအတွက် စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့လျှင် ကမ္ဘာကြီးအတွက် အလွန်ကောင်းသွားမည်ဖြစ်သည်။

သို့သော် ကိုယ့်နိုင်ငံ၊ ကိုယ့်အကျိုးစီးပွားသက်သက် ကိုယ်ရကိုယ်ယူ၊ သူရသူယူ ကျန်နိုင်ငံများပါ အတုယူမှားကြလျှင် ကမ္ဘာကြီးအတွက် မကောင်းလှပါ။ အကျိုးစီးပွားအခြေခံဖြင့် အမျိုးသားရေးတစ်ဖက်စွန်းရောက်ပြီး နယ်ချဲ့ဝါဒကို ပုံစံတစ်မျိုးဖြင့် မဆင်မခြင်သွတ်သွင်းလာလျှင်မူ ဒုတိယကမ္ဘာစစ်မျိုးစေ့ ဟစ်တလာတို့၏ ဖက်ဆစ်နယ်ချဲ့စနစ်မျိုးဆီ ပြန်လည်ရောက်ရှိသွားနိုင်ခြေကို သတိထားရမည်ဖြစ်သည်။ ယခင်ကာလများက နိုင်ငံရေး၊ စီးပွားရေးအရ ဝင်ရောက်စွက်ဖက် နယ်ချဲ့ကြရာမှ ယခုကာလများတွင် လက်နက်အားကိုး၍ မသိမသာနယ်ချဲ့လာပုံများကို သတိပြု၍ မိမိတို့အင်အားကို တောင့်တင်းခိုင်မာရန်သာ ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

အရာရာပိုင်စိုးလိုသည့်လက္ခဏာများ၊ အင်အားကြီးဖြစ်လိုသည့် သဘောတရားများသည် ဒီမိုကရေစီ၏အနှစ်ဖြစ်သည့် မျှတမှုနှင့် ငြိမ်းချမ်းခြင်း၏ ဆန့်ကျင်ဘက်လားရာသို့ ရှေးရှုနေခဲ့လျှင်.... ။ ။

# မုံရွာပညာရေးဒီဂရီကောလိပ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ



မုံရွာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် မုံရွာပညာဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးတို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အားကစားပြိုင်ပွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိကြသည့် အသင်းများ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမျိုးသား အမျိုးသမီး Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသူများ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမျိုးသား အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမျိုးသား အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက အမျိုးသား အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မုံရွာတက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးတို့က အမျိုးသား အမျိုးသမီး မီတာ ၂၀၀၊ မီတာ ၁၀၀၊ လုံတံပစ်၊ သံလုံးပစ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် သကြောကျေးရွာ “သုတစံအိမ်” စာကြည့်တိုက်ဖွင့်လှစ်



မော်လမြိုင် ဖေဖော်ဝါရီ ၄

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သကြောကျေးရွာ “သုတစံအိမ်” စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် သကြောကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က “သုတစံအိမ်” စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စာကြည့်တိုက်အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ် ကျောင်းသား လူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရှင်သန်ခိုင်မာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးပင်လိုအပ်ကြောင်း၊ အများပြည်သူများ အနေဖြင့် စာကြည့်တိုက်များကို အသုံးပြု၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ စွဲမြဲလာမည်ဖြစ်ပြီး စာကြည့်တိုက်သည် ဗဟုသုတများပြန့်ပွားရာ၊ လူငယ် လူရွယ်များ ပျော်မွေ့စေရန်၊ အမြဲလာချင်စိတ် ဖြစ်ပေါ်စေရန် အသစ်အဆန်းများ ဖန်တီးနိုင်သော နေရာတစ်ခုအဖြစ် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က “သုတစံအိမ်” စာကြည့်တိုက်အတွက် အလှူရှင်များက ပန်းချီကားချပ်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ “သုတစံအိမ်” စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ နှင့် စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေများဖြင့် အလျားပေ ၂၀၊ အနံပေ ၂၀ တစ်ထပ်အဆောက်အအုံဖြစ်ကာ မွန်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့က သုတ၊ ရသစာအုပ် ၄၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

# မရမ်းကုန်းမြို့နယ် အထက(၃)၌ လူငယ်စကားဝိုင်း ကျင်းပ

မရမ်းကုန်း ဖေဖော်ဝါရီ ၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စိန်ပန်းမြိုင်ခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ဦးစွာ မရမ်းကုန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်မော်နှင့် အထက(၃)မှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်ခိုင်တို့က ဆောင်ရွက်ခဲ့ပြီး လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေး ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းတွင်းအားကစားပြိုင်ပွဲ ဖွင့်လှစ်



ရန်ကင်း ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် ယနေ့နံနက် ၁၁ နာရီက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကျောင်းတွင်းအားကစားပြိုင်ပွဲဖွင့်ပွဲကို မြတ်ပညာခန်းမ၌ ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကင်းပညာရေး ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများက Fitness Dance ဖြင့် ကပြဖျော်ဖြေခဲ့ပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရည်လှိုင်၊ မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးထိန်လင်းတို့က ကျောင်းတွင်း အားကစားပြိုင်ပွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် ကျောင်းတွင်းအားကစားပြိုင်ပွဲများဖြစ်သည့် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ fitness dance နှင့် လွန်ဆွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး

■

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါတိုက်ဖျက်ရေးတွင် ပါကစ္စတန်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၄**

ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါတိုက်ဖျက်ရေးတွင် ပါကစ္စတန်နိုင်ငံက ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံတွင် ယနေ့ကျင်းပသည့် ကမ္ဘာ့ကင်ဆာနေ့တွင် ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီနှင့် ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်တို့က ပြောကြားသည်။

**ကျွမ်းကျင်သူများ၏ အကူအညီကို ရယူဆောင်ရွက်နေ**

ယနေ့သည် ကမ္ဘာပေါ်တွင်လက်ရှိ ကူးစက်ပျံ့နှံ့နေသည့် ကင်ဆာရောဂါများ၏ စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံသားများ ပူးပေါင်းလက်တွဲတိုက်ဖျက်ရန် လိုအပ်ကြောင်း သတိပေးသည့်နေ့တစ်နေ့ဖြစ်လာခဲ့ပြီး ကင်ဆာရောဂါများကို တိုက်ဖျက်ရာတွင် တီထွင်ဆန်းသစ်သည့် နည်းလမ်းများဖြင့် စုပေါင်းတိုက်ဖျက်ရမည်ဟု သမ္မတအဇစ်အလီဇာဒါရီက မှတ်ချက်ပြုပြောကြားသည်။ ကင်ဆာရောဂါဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် လူမှုအသိုက်အဝန်းများအပေါ် ကျရောက်လာမည့် ကင်ဆာရောဂါအန္တရာယ်ကို ကာကွယ်နိုင်မည်ဟု ပါကစ္စတန်သမ္မတက ပြောကြားခဲ့သည်။ ကင်ဆာရောဂါကုသရေးဆိုင်ရာ အရင်းအမြစ်များမြှင့်တင်ခြင်း၊ ကင်ဆာရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လူတိုင်းလက်လှမ်းမီနိုင်သည့် ကုန်ကျစရိတ်နည်းပါးသော ကင်ဆာကုသရေး နည်းစနစ်များကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် ကင်ဆာရောဂါတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ၏ အကူအညီကို ရယူဆောင်ရွက်နေကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။



ပါကစ္စတန် သမ္မတ အဇစ်အလီဇာဒါရီ။

ပါကစ္စတန်နိုင်ငံတွင် ကင်ဆာရောဂါဆိုင်ရာ အသိပညာပေးသည့်အနေဖြင့် ကမ္ဘာ့ကင်ဆာနေ့ကို နှစ်စဉ်ကျင်းပသည်။

**ကိုးကား – ဆင်ဟွာ၊ဘာသာပြန် – စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ၌ အဂတိလိုက်စားမှုများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့

**ဂျကာတာ ဖေဖော်ဝါရီ ၄**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် အဂတိလိုက်စားမှုများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းမှုခင်းများမှ ပြန်လည်သိမ်းဆည်း ရရှိမိခဲ့သည့် အင်ဒိုနီးရှား ရူပီးယား ၆ ဒသမ ၇ ထရီလီယံကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဗူဒီဂူနာဝမ်က ပြောကြားခဲ့သည်ဟု ဗွီအင်န်အိတ်ပရက် သတင်းဌာနမှ သိရသည်။



အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဗူဒီဂူနာဝမ်။

ယခုကဲ့သို့ အဂတိလိုက်စားမှုများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ခြင်းသည် သမ္မတ ပရာဘိုဝို ဦးဆောင်သည့် အစိုးရတက်လာပြီး သုံးလကြာကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ယခုကဲ့သို့ အဂတိလိုက်စားမှုများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ခြင်းသည် အစိုးရ၏ အဂတိလိုက်စားမှုများကို နှိမ်နင်းမည့် သန္နိဋ္ဌာန်ကို သိသာထင်ရှားစွာပြသခြင်းဖြစ်ပြီး နိုင်ငံတော်ပိုင်ဘဏ္ဍာငွေများကိုလည်း နိုင်ငံသားများ အကျိုးစီးပွားအတွက်သာ သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ယခုရရှိခဲ့သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အောင်မြင်မှုများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ရဲတပ်ဖွဲ့နှင့် တရားဥပဒေစိုးမိုးရေး အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား – ဗွီအင်န်အိတ်ပရက်**

**ဘာသာပြန် – စိုးသူရ**

## ပါလက်စတိုင်းများအား ထောက်ခံသည့် ရုရှား၏ ရပ်တည်ချက်ကို ကြိုဆိုကြောင်း ဟားမတ်စ်အဖွဲ့ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၄**

ဂါဇာဒေသရှိပါလက်စတိုင်းများအား ထောက်ခံသည့် ရုရှားနိုင်ငံ၏ ရပ်တည်ချက်ကို ကြိုဆိုကြောင်း ဟားမတ်စ်အဖွဲ့နိုင်ငံရေးဗျူရို တာဝန်ရှိသူ မိုဆာအဗူမာဇော့ခ်က ရုရှားသမ္မတ၏ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး မီခေးလ်ဗိုဒါနော့ဗ်နှင့်ယမန်နေ့က တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

တွေ့ဆုံပွဲအတွင်း ဂါဇာဒေသသို့ ရုရှားနိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအအညီများ ပေးအပ်နေခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသရှိ ပါလက်စတိုင်း ဒေသခံများသည် နေ့စဉ်လူနေမှုဘဝဆိုင်ရာ လူသုံးကုန်ပစ္စည်းများနှင့် နေထိုင်ရန် ရွက်ဖျင်တဲများ လိုအပ်နေပြီး ၎င်းအကူအညီများ အမြန်ဆုံးရောက်ရှိရေးအတွက် လုပ်ငန်းများမြှင့်တင် ဆောင်ရွက်မည်ဟု နှစ်ဖက်အကြား သဘောတူညီခဲ့ကြသည်။ အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် ဆောင်ရွက်ရန်အတွက် ပြင်ဆင်နေမှုများကိုလည်း တာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဂါဇာဒေသတွင်ဓားစာခံအဖြစ် ထိန်းသိမ်းခံထားရသည့် ရုရှားနိုင်ငံသား အလက်ဇန်းဒါးထရူဖာနော့ဗ်အပါအဝင် ဓားစာခံများလွတ်မြောက်ရေး ကိစ္စရပ်များကိုလည်း ယခုဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်လာခဲ့သည်။

**ကိုးကား – တက်စ်သတင်းဌာန**

**ဘာသာပြန် – စိုးသူရ**

## အစ္စရေးနိုင်ငံ၏ ပညာသင်ကြားရေးစနစ်တွင် ဉာဏ်ရည်တုနည်းပညာသုံးစွဲမှု မြှင့်တင်မည်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၄**

အစ္စရေးနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံ၏ ပညာရေးသင်ကြားရေးစနစ်တွင် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုမြှင့်တင်မည့် အစီအစဉ်ကို ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

**ကူညီဆောင်ရွက်**

၎င်းအစီအစဉ်အရ လေးတန်းမှ ၁၂ တန်းအထိ ကျောင်းသားများအား စာသင်ခန်းများတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကိရိယာများ အသုံးပြုသင်ကြားခြင်း၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်ကြားသင်ယူမှုအထောက်အကူပြု တီထွင်ဆန်းသစ်မှုများ ထည့်သွင်းသင်ကြားခြင်းနှင့် ဆရာ ဆရာမများအတွက် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ကျောင်းသားများအတွက် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်ကြားမှုများတွင် ဂူဂဲလ်နည်းပညာကုမ္ပဏီ၏ ဂူဂဲလ်ဂျီမနီကဲ့သို့သော နည်းပညာ ပလက်ဖောင်းများကို အသုံးပြုသင်ကြားမည်ဖြစ်သည်။ ယခုအစီအစဉ်တွင် နည်းပညာလုပ်ငန်းများမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



## တရုတ်နိုင်ငံက အမေရိကန်ထုတ် အချို့ကုန်ပစ္စည်းများအပေါ်တွင် ထပ်ဆောင်းအခွန်စည်းကြပ်မည်

**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ အချို့သော အမေရိကန် ကုန်ပစ္စည်းများအပေါ် ထပ်ဆောင်းအခွန်စည်းကြပ်မည် ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ အကောက်ခွန်ကော်မရှင်က ယနေ့တွင် ပြောကြားသည်။

ယခု ဆောင်ရွက်ချက်သည် နိုင်ငံတကာဥပဒေများကို အခြေခံ၍ တရုတ်နိုင်ငံ၏ဥပဒေများ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။



တရုတ်နိုင်ငံ အနေဖြင့် အမေရိကန်မှ တင်သွင်းလာသော ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်း ထပ်မံစည်းကြပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင်ရေနံစိမ်း၊ စိုက်ပျိုးရေးသုံး စက်ယန္တရားများ၊ ကားများကို ထပ်ဆောင်းအကောက်ခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက အမေရိကန်နိုင်ငံသို့ တင်ပို့သည့်ကုန်ပစ္စည်းများအား အမေရိကန်က ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံသည့် ကိစ္စရပ်အား တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် စောဒကတက်ခဲ့ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

**ပြောကြား**

ယခု ဆောင်ရွက်ချက်သည် တရုတ်နိုင်ငံ၏ တရားဝင်ရသင့်သည့် အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမေရိကန်၏ တရုတ်ကုန်ပစ္စည်းများ အပေါ်တွင် အခွန်များ တိုးမြှင့်ကောက်ခံခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းကမ်းများကို ချိုးဖောက်ရာရောက်ပြီး တစ်ဖက်သတ်ဆန်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ အမေရိကန်၏ ဆောင်ရွက်ချက်သည် စည်းမျဉ်းကို အခြေခံသည့် နိုင်ငံစုံ ကုန်သွယ်ရေးဆိုင်ရာစနစ်ကို ဆုတ်ယုတ်စေကာ ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်းထောက်ပံ့ရေး ကွင်းဆက်ကို အားနည်းစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းကာ ကုန်သွယ်ရေးကဏ္ဍတွင် တစ်ဖက်သတ်အကျိုးကိုသာ ရှေးရှုသည့် ဆောင်ရွက်ချက်များကို တိုက်ဖျက်သွားမည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍ တိုးတက်စေရေး ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၉၃၀ တန်၊ အခြားသစ် ၂ ဒသမ ၈၅၁ တန်နှင့် ဆက်စပ်ပစ္စည်းသုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၄၄၉၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၃ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၆ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၅၃၆၀၃၁၈ ကျပ်)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai KMEFG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၆၃၆၀၃၁၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၂၀၅၄၂၀) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၈၈၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၅၉၃၄၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၆၇၂၆၁၈၂၂၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည် ။

သတင်းစဉ်

# ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

## ဆက်သွယ်မေးမြန်း

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ




အနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအား ဥပဒေမဲ့ ဖမ်းဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် နယ်မြေတည်ငြိမ် အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက် ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၂-၂၀၂၅ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဟေမာန်ဆောင်းမှာငှက်သာရကာ ပျော်မွေ့စေခြင်း မိုးယွန်းကြီးအင်း
- ၀၉:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုတိုအစီအစဉ် '**မြန်မာချစ်တဲ့မုန့်ဟင်းခါး**'
- ၀၉:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၀:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် '**ရွှေပြည်အဓိပ္ပာယ်သာပေ**'
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၀၅ သီချင်းကြီးပဒေသာ
- ၁၂:၄၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အလင်းဝင်းသူများ**' (အပိုင်း-၁၁)
- ၁၅:၁၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၄၀ Weekly Soccer Preview
- ၁၆:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအက
- ၁၇:၀၅ ရွှေသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၇:၅၀ ရိုးရာနဲ့ယှဉ်အစဉ်မြဲမယ့်သည်ပွဲထမနဲ
- ၁၈:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် '**ပြည်ထောင်စုအငွေ့ပင်လုံမြေ**'
- ၁၈:၅၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**' (အပိုင်း-၆၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၂၅ **ဖွဲ့ညရဲ့ဇာတ်ခုံ**(အပိုင်း-၂)

**mitv**

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Myanmar Puppeteers (Tha Nge Taw Dance)
- 07:20 Travelogue: Ngwe Saung Beach
- 07:42 Daingnak Style
- 08:01 News
- 08:26 Global Updates; Energy from the Sea
- 08:33 A Trip to Gyobyu Reservoir (Part-2)
- 08:52 Myanmar-Korea Song (7)
- 09:01 Tray Art Products
- 09:11 Let's go to Hlawga Nature Park
- 09:32 Life of A Farmer
- 10:01 News
- 10:26 Legacy of National Brethren's Union (Union Song)

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
စိတ်ဝင်တစားရှိဖွယ်ရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့ ကယားလိုင်းအိရိုး(ခေါ်)တေး)

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဘုံတလာရေတံခွန်အကြောင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရာမညမြေမှအမွေအနှစ်များ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဝါးတုတ်ချက်နှင့်ဂီကင်းသုပ်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသထွက်အစားအစာ ရှောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ '**အစ္စရေးနိုင်ငံ**'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တနာတတ်သူတာဝန်ယူ**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ '**ဆွစ်ဇာလန်နိုင်ငံ**'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**အာဖရိကနိုင်ငံ**' (အပိုင်း-၁)
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၄)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနံအထွက်တိုးစေဖို့ သမဝါယမစနစ်ဖြင့်ပံ့ပိုးကူညီစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ Agriculture in India
- ၁၉:၅၀ ရင်ထဲကအကယ်ဒမီ (Talk Show)
- ၂၀:၀၀ ငါ့ရင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၂၂:၀၀ Jingle Jangle A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ AFC Women Futsal Asian Cup (Vitenum Vs Myanmar)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေး အခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇန်နဝါရီလ ၁၊ ၁၂၊ ၁၈၊ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၁၅ ရက်နေ့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Groups) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးမှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၅ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




## လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိသို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအားခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စခန်း ၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။(ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန**




ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလ အတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကော့သောင်း | ၆.၈ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၇.၄ |




ပုံ (၂)၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။

# လူငယ်နှင့် သမိုင်းကို လေ့လာခြင်း

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

**သမိုင်းကို လေ့လာခြင်း၏ အရေးကြီးသောအကြောင်းရင်းမှာ လူငယ်များအား ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည် မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။ အတိတ်ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်လေ့လာခြင်းဖြင့် ပစ္စုပ္ပန်ကို နားလည်လာနိုင်မည်ဖြစ်သည်။ မတူညီသောယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများကို ထိုးထွင်းသိမြင်နိုင်မည်။ အတိတ်မှ အမှားများကို သင်ခန်းစာယူပြီး အနာဂတ်အတွက် ဆင်ခြင်သုံးသပ်နိုင်သော အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်**

လူငယ်များသည် ကျောင်းသင်ဘာသာရပ်များအနက်မှ သမိုင်းဘာသာရပ်ကို လေ့လာခဲ့ကြရသည်။ ကျွန်တော်တို့ငယ်စဉ်က မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းဘာသာရပ်ကို ကျောင်းသင်ခန်းစာအဖြစ် လေ့လာသင်ယူကျက်မှတ်ခဲ့ရသည်။ သမိုင်းကိုလေ့လာခြင်းသည် လူတို့၏နေထိုင်ပုံကို နားလည်သဘောပေါက်ရန် အတိတ်ကိုလေ့လာခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီးကို နားလည်သဘောပေါက်ပြီး လူ့အဖွဲ့အစည်းနှင့် လူ့ဘဝအပေါ် ပိုမိုအားကောင်းစွာ ရှုမြင်သုံးသပ်နိုင်စေရန် ကူညီပေးသည်။

ကျွန်တော်တို့ သမိုင်းကိုလေ့လာခြင်းမှာ သမိုင်းသည် ကျွန်တော်တို့နောက်တွင်ရှိနေသောကြောင့်ဖြစ်သည်။ သမိုင်းကိုလေ့လာခြင်းက အတိတ်မှ အဖြစ်အပျက်များကို ယနေ့ခေတ်ပုံစံဖြစ်အောင် ဖန်တီးပေးခြင်းဆိုသည်ကို နားလည်စေရန်ဖြစ်သည်။ သမိုင်းကို သင်ယူခြင်းသည် အခြားလူများ၊ အဖြစ်အပျက်များ သို့မဟုတ် အတွေ့အကြုံများမှ တစ်ဦးချင်းစီ၏ အပြန်အလှန်တုံ့ပြန်မှုဖြင့် သတ်မှတ်ထားသော အပြုအမူအားလုံး ပေါင်းစုခြင်းဖြစ်သည်။ စင်စစ် သမိုင်းဟူသည် လူ့အဖွဲ့အစည်းများ မည်သို့လုပ်ဆောင်သည်ကို ဆင်ခြင်သုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအတွက် တစ်ခုတည်းသော ကျယ်ပြန့်သည့် အထောက်အထားများဆိုင်ရာ အခြေခံအချက်များကို ပေးဆောင်သည်။

သမိုင်းလေ့လာခြင်း၏ အရေးပါသောအချက်ကို လူငယ်များ သိရှိရန်လိုအပ်သည်။ သမိုင်းသည် အတိတ်မှ ပြဿနာများ၊ ဖြစ်ရပ်များကို ဆန်းစစ်သုံးသပ်နိုင်ရန် ရှင်းပြပေးသော ကိရိယာပင်ဖြစ်သည်။ ဤသို့ဖြင့် မမြင်နိုင်သောပုံစံများကို ဖြစ်စေနိုင်သည်။ အမှန်အားဖြင့် သမိုင်းဟူသည် အတိတ်မှဖြစ်ရပ်များကို စူးစမ်းလေ့လာခြင်းဖြစ်သည်။ အတိတ်မှ လူ့သမိုင်းဖြစ်စဉ်ပြောင်းလဲမှုများတွင် လူ့အဖွဲ့အစည်းအတွင်းရှိ လူနေမှုပုံစံများကို အကျိုးသက်ရောက်ခြင်း၊ ဩဇာလွှမ်းမိုးခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်းနည်းလမ်းများကို လေ့လာသုံးသပ်ခြင်းဖြစ်သည်။ စူးစမ်းရှာဖွေခြင်းဖြစ်သည်။

လူငယ်များအနေဖြင့် သမိုင်းဘာသာရပ်ကို လေ့လာသင်ယူခြင်းဖြင့် လူငယ်တို့၏ စဉ်းစားတွေးခေါ်မှုများကို ရင့်ကျက်လာစေမည်ဖြစ်သည်။ အမှားနှင့်အမှန်ကို သမိုင်းဖြစ်ရပ်များက ပြသနေသည်ဖြစ်ရာ ယင်းတို့မှ သင်ခန်းစာများယူတတ်ရန်လိုသည်။ သမိုင်းကိုလေ့လာခြင်းဖြင့် လူငယ်တို့၏ ကောင်းမွန်သော လေ့လာမှုစွမ်းရည်ကို မြင့်တက်စေမည်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ယုံကြည်မှုလည်းရှိလာမည်ဖြစ်သည်။ စဉ်းစားချင့်ချိန်နိုင်သောစွမ်းအားလည်း တိုးတက်လာမည်ဖြစ်သည်။

သမိုင်းကို လေ့လာခြင်း၏ အရေးကြီးသောအကြောင်းရင်းမှာ လူငယ်များအား ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည်မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။ အတိတ်ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်လေ့လာခြင်းဖြင့် ပစ္စုပ္ပန်ကို နားလည်လာနိုင်မည်ဖြစ်သည်။ မတူညီသောယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများကို ထိုးထွင်းသိမြင်နိုင်မည်။ အတိတ်မှ အမှားများကို သင်ခန်းစာယူပြီး အနာဂတ်အတွက် ဆင်ခြင်သုံးသပ်နိုင်သော အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်သည်။

စင်စစ် သမိုင်းအထောက်အထားများကို လေ့လာရာတွင် မတူကွဲပြားသောအဖြစ်များကို ဆန်းစစ်သုံးသပ်ခြင်းသည် အချက်အလက်များကို ပိုင်းခြားစိတ်ဖြာပြီး မတူညီသောအမြင်နှင့် ယူဆချက်များကို အကဲဖြတ်ရန် သင်ကြားပေးသည်။ ဤသို့ဖြင့် သမိုင်းကိုလေ့လာခြင်းသည် လူငယ်များ၏ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သမိုင်းကိုလေ့လာခြင်းဖြင့် ပစ္စုပ္ပန်ကို လူငယ်များ ပိုမိုနားလည်လာမည်ဖြစ်သည်။ သမိုင်းဆိုင်ရာပုံစံများနှင့် ခေတ်ရေစီးကြောင်းများကို လေ့လာခြင်းဖြင့် လက်ရှိလူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုများကို ပိုမိုနားလည်နိုင်မည်ဖြစ်သည်။ သမိုင်းကို လူငယ်များလေ့လာနိုင်လျှင် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်များ ကြွယ်ဝလာမည်ဖြစ်သည်။ သမိုင်းတစ်လျှောက် မတူညီသော ယဉ်ကျေးမှုများအကြောင်း လေ့လာခြင်းသည် ကမ္ဘာကြီးကို ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်စေပြီး မတူကွဲပြားသောအမြင်များကို တိုးပွားစေမည်ဖြစ်သည်။

လူသားတိုင်းတွင် စာနာတတ်သော နှလုံးသားရှိကြသည်။ သမိုင်းကိုလေ့လာခြင်းဖြင့် စာနာမှုများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော သမိုင်းဝင်ဖြစ်ရပ်များကို စူးစမ်းလေ့လာခြင်းသည် အလားတူအခြေအနေမျိုးကြုံတွေ့နေရသည့် အခြားသူများအတွက် စာနာမှုစိတ်ဓာတ်ကို မွေးမြူပေးနိုင်သည်။ အတိတ်သမိုင်းမှ အောင်မြင်မှုနှင့် ကျရှုံးမှုများကို ဆန်းစစ်သုံးသပ်ခြင်းက ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ပိုမိုသိရှိနိုင်သော ရွေးချယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

လူငယ်များအနေဖြင့် သမိုင်းကိုလေ့လာခြင်းဖြင့် လူ့အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုများ မည်ကဲ့သို့ဆင့်ကဲပြောင်းလဲလာသည်ကို ထိုးထွင်းသိမြင်လာမည်ဖြစ်သည်။ အတိတ်မှ အမှားများနှင့် အောင်မြင်မှုများမှ သင်ခန်းစာများ မည်သို့ရယူရမည်ကို သိရှိနားလည်လာမည်ဖြစ်သည်။

သမိုင်းကိုလေ့လာခြင်းဖြင့် လူငယ်များသည် သမိုင်းရှုထောင့်အမြင်၊ စာနာမှုနှင့် ဝေဖန်ပိုင်းခြားတတ်သော တွေးခေါ်မှုစွမ်းရည်များရရှိပြီး အသိဉာဏ်ရှိသော ဆုံးဖြတ်ချက်များကို ချမှတ်လာနိုင်မည်ဖြစ်သည်။

ဤတွင် လူငယ်များအနေဖြင့် သမိုင်းကိုလေ့လာရာတွင် သမိုင်း၏အဓိကကျသော အယူအဆ ခုနစ်ရပ်ကို သိမြင်နားလည်ထားရန်လိုသည်။ ၎င်းတို့မှာ သမိုင်းဆိုင်ရာရှုထောင့်အမြင်၊ စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုနှင့် ပြောင်းလဲမှု၊ အကြောင်းအရာနှင့် အကျိုးတရား၊ သမိုင်းအထောက်အထားများ၊ စာနာမှု၊ ထူးခြားမှုနှင့် ပြိုင်ဆိုင်မှုတို့ဖြစ်သည်။ ယင်းအယူအဆတို့ဖြင့် သမိုင်းပညာရှင်များက သမိုင်းကို လေ့လာသုံးသပ်ဆန်းစစ်ခဲ့ကြသည်။ ဤတွင် လူငယ်များ အံ့ဩစေမည့် ကမ္ဘာ့သမိုင်းဖြစ်ရပ်မှန်များရှိခဲ့ကြောင်း တင်ပြလိုပါသည်။ ဥပမာ- ရှေးခေတ် အီဂျစ်တွင် နှစ်သစ်ကူးပွဲတော်ကို Wepet Renpet ဟု ခေါ်သည်။ အာကာသထဲတွင် ပထမဆုံး သက်ရှိသတ္တဝါမှာ Laika ဟုခေါ်သော ခွေးဖြစ်သည်။

သမိုင်းသည် အတိတ်နှင့် ပစ္စုပ္ပန်ကြားမှ ဆက်နွယ်မှုအကြောင်းဖြစ်သည်။ သမိုင်းကိုလေ့လာရာတွင် အဖြစ်အပျက်များ(Events) သာမက အခြေအနေများ Conditions) ကိုလည်း လေ့လာရမည်ဖြစ်သည်။ ဤတွင် "သမိုင်း၏ဖခင်" (Father of History)မှာ Herodotus ဆိုသူဖြစ်သည်။ ၎င်းသည် လူမျိုးများ၏ ဓလေ့ထုံးစံများကို နက်နက်ရှိုင်းရှိုင်း စိတ်ဝင်စားသော ဇာတ်ကြောင်းပြန်သူဖြစ်သည်။ ဘီစီ ၅၅၀ နှင့် ၄၇၉ ကြား ဂရိအတွက်သာမက ထိုအချိန်က အာရှအနောက်ပိုင်းနှင့် အီဂျစ်နိုင်ငံ အများအပြားအတွက် မူလသမိုင်းဝင်အချက်အလက်များ၏ ထိပ်တန်းအရင်းအမြစ်အဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

ပညာရှင်များလေ့လာခဲ့သော သမိုင်းပုံစံများကို လူငယ်များအနေဖြင့် ခွဲခြားသိရှိရန်လိုသည်။ သမိုင်းပုံစံများအလိုက် လေ့လာကြရာတွင် နိုင်ငံရေးသမိုင်း၊ သံတမန်သမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ လူမှုရေးသမိုင်း၊ စီးပွားရေးသမိုင်း၊ အသိဉာဏ်ဆိုင်ရာသမိုင်းတို့ဖြစ်သည်။ ထို့ပြင် သမိုင်းရှုထောင့်အမြင်အရ လေ့လာရာတွင် အရေးကြီးသောအချက်များမှာ တစ်ဦးချင်းလေ့လာမှု၊ လူ့အဖွဲ့အစည်း၊ နေရာနှင့် အချိန်တို့ဖြစ်သည်။ သမိုင်းသည် စစ်မှန်သောအထောက်အထား သို့မဟုတ် သက်သေပြချက်များပေါ်တွင် အခြေခံရန်လိုအပ်သည်။ ယင်းအထောက်အထားများကို သမိုင်း၏အရင်းအမြစ်ဟု ခေါ်ဆိုသည်။

အချုပ်အားဖြင့်ဆိုရသော် လူငယ်များအနေဖြင့် သမိုင်းကို ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတအနေဖြင့် မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းများအကြောင်းကို စာအုပ်များမှလည်းကောင်း၊ အင်တာနက်မှလည်းကောင်း ဖတ်ရှုလေ့လာရန် အရင်းအမြစ်များစွာရှိပါသည်။ ထိုသို့ ဖတ်ရှုလေ့လာခြင်းဖြင့် ကမ္ဘာကြီးနှင့်ပတ်သက်သော အယူအဆများ၊ ယူဆချက်များကို စိန်ခေါ်ရန် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေတွေ့ရှိနိုင်သည်။ သမိုင်းကိုလေ့လာခြင်းသည် လူတို့၏ခေတ်များနှင့် ယဉ်ကျေးမှုများကို ခွဲခြမ်းစိတ်ဖြာစေရန် စေ့ဆော်ပေးသည်။ စူးစမ်းရှာဖွေလိုသော စိတ်ဓာတ်ကို မွေးဖွားပေးသည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် အတိတ်ဖြစ်ရပ်များကို ဆန်းစစ်ခြင်း၊ ပစ္စုပ္ပန်ကို ကောင်းစွာနားလည်ခြင်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကို သိရှိနားလည်ရန် သမိုင်းကို လေ့လာကြရန် တင်ပြလိုက်ပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် လဝမ်ကထောင်နှင့် ဟိုလော်ကျေးရွာတို့၌ ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် ဇွန်လက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့ ရေဝင်ရောက်မှုနှင့်အတူ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ လဝမ်ကထောင်နှင့် ဟိုလော်ကျေးရွာတို့၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါကျေးရွာများ မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး ကျောက်စီကမ်းထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က ဒေသခံများနှင့်တွေ့ဆုံပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။



အဆိုပါ လုပ်ငန်းစီမံကိန်းနေရာရှိ ကမ်းပါးပြိုကျခဲ့သည့်နေရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံကျေးရွာသူ ရွာသားများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသခံများ၏ လုပ်ငန်းစီမံကိန်းအပေါ် သိလိုသည်များ မေးမြန်းဆွေးနွေးမှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ တင်ပြမှု၊ နောင်အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရေး မြစ်လယ်ရှိ သဲသောင်ပြင်များ ရှင်းလင်းဖယ်ရှားပေးရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြမှုအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာများအတွက် ၂၀၂၄-၂၀၂၅ ပြည်နယ်အစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကျောက်စီကမ်းထိန်းနံရံ အလျားအရှည်ပေ ၃၀၀၀ ကျောက်စီမြေထိန်းနံရံအတွက် အောက်ခြေဖောင်ဒေးရှင်းနှင့် Geo Bag တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် ဗလမင်းထင်တံတားအောက်ဘက် ဧရာဝတီမြစ်လယ်ရှိ စီတာပူကျွန်းရေလယ်ကျွန်း သဲသောင်ခုံအား အကျယ်ပေ ၂၄၀၊ ရေစစ်အောက်နှစ်မီတာအား ၅၁၈၈၂၃ ကုဗမီတာအထိ သဲသောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် တစ်ဆက်တစ်စပ်တည်း မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ဗလမင်းထင်တံတား အထက်မြစ်ကမ်းပါးတစ်လျှောက် အလျား ၁၂၆၅ ပေရှိ ရေလျှံတားကျောက်စီမြေထိန်းနံရံနှင့် တမံတည်ဆောက်သွားမည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

ယင်းနောက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စီတာပူကျွန်းသဲသောင်ခုံနှင့် ကပ်လျက်သဲသောင်ခုံ အသစ်ဖြစ်ပေါ်လာမှုအခြေအနေများနှင့် အဆိုပါ သဲသောင်ခုံပေါ်တွင် နှစ်စဉ်ဆောင်းရာသီတွင်သာ လာရောက်ခိုနားလေ့ရှိပြီး ဆောင်းခိုငှက်မျိုးစိတ်တစ်ခုဖြစ်သည့် တောင်နီးခေါင်းကျား(Bar-headed Goose) ကောင်ရေ ၄၀၀ ခန့် အုပ်စုလိုက် နားခိုနေထိုင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# ပုလောမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ပုလော ဖေဖော်ဝါရီ ၄

တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပုလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပုလောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးတင်အောင်မျိုးက သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ ရေချို၏ အရေးပါပုံနှင့် ရေချိုအား ချွေတာသုံးစွဲရန် လိုအပ်ပုံ၊ ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး နည်းလမ်းများ၊ မီးခိုးမြူငွေ့ အဓိပ္ပာယ်နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊မီးခိုးမြူငွေ့၏ဆိုးကျိုးများကို ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်က မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ပုလောမြို့နယ် သစ်တောဦးစီးဌာနက ထုတ်ဝေသည့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုစေမည့် အသိပညာပေး လက်ကမ်း စာစောင်များနှင့် မီးသတ်ဦးစီးဌာနက ထုတ်ဝေသည့် မီးဘေးလုံခြုံရေး ပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကျောင်းသား ကျောင်းသူများက ထပ်မံသိရှိလိုသည်များ မေးမြန်းမှုကို သစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

အေးအေးမော် (ပုလော)

# ငါန်းဇွန်မြို့နယ်၌ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် ကွင်းဆင်း စိစစ်ကောက်ယူ



ငါန်းဇွန် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းမှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် ကော်မတီဝင်များ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ မြေပြင်တွင် နေထိုင်မှု ရှိ/မရှိ စိစစ်ခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းတွင်ပါဝင်သော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ခြင်း၊ စာရင်း၌ မပါဝင်ဘဲ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသောသူများနှင့် အိမ်ထောင်စုစာရင်းမရှိသူများအား ပန်းခင်းစီမံချက်အဆင့်(၃)အရ အိမ်ထောင်စုစာရင်းထုတ်ပေးရန်နှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အတွက် စာရင်းကောက်ယူခြင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများနှင့်အတူ ငါန်းဇွန်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများအလိုက် ဖေဖော်ဝါရီ ၃ ရက်မှ စတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

# မြန်အောင်မြို့နယ် ကျောင်းများအတွင်း မီးဘေးအန္တရာယ်လုံခြုံရေး စစ်ဆေး အသိပညာပေး

မြန်အောင် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အခြေခံပညာအထက်တန်းကျောင်းများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ထွေးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အခြေခံပညာအထက်တန်းကျောင်း (ထန်းသုံးပင်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆန်နီချောင်တို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဆေးဘူးများစစ်ဆေးခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိဦးတင်မောင်ထွေးက အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးပြီး ကျောင်းများအတွင်း လျှပ်စစ်မီးမိန်းများထားရှိမှု၊ ကျောင်းတွင်းရှိ ရေကန်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ကျောင်းတာဝန်ရှိသူများအား မှာကြားခဲ့သည်။

အလားတူမြို့နယ်မီးသတ်ဦးစီးဌာန ဒုမီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေးက မြန်အောင်မြို့ အထက (၂) နေခြည်နှင့် အလက(လက်ပန်ရပ်)တို့သို့ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရော့ဦးသာ

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော် ၉၀ နှစ်၊ သိက္ခာဝါ ၇၀ ရှိမဟာထေရ် မြတ်ကြီးသည် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၉၁)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၉၁)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးလှမြင့်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရွှေသင်္ကန်းတော်ရွှေပြားအလှူရှင် ၂၃၃ ဦးက ခြောက်ကျပ်သားရွှေပြား ၁၆ ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၂၇၅ ချပ် စုစုပေါင်း ရွှေစင်ရွှေပြားအချပ် ၂၉၁ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၄၃ ဦးအပါအဝင် လှူဒါန်းငွေ စုစုပေါင်းကျပ် ၃၆၉၉၄၃၀၈၆၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး

ညောင်ရွှေ ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက လှေပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပြောကြားပြီး အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးတင်အောင်က ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဆပ်ကော်မတီများ၊ ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်လှေအသင်းများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် အမျိုးသား လေးကျိပ်ခြောက်တက်လေးသင်း၊ အမျိုးသမီးနှစ်ကျိပ်ခြောက်တက် လေးသင်း၊ ကျောင်းသား နှစ်ကျိပ်ခြောက်တက် လေးသင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညိဿရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် သရက်ကန်ကျေးရွာ ခမည်းတော် ဦးပေါကူ+မယ်တော် ဒေါ်ဖွားမြူတို့မှ ၁၂၉၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ရေဦးမြို့ ချမ်းသာကြီးပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြုလျက် ရေဦးမြို့နယ် သရက်ကန်ကျေးရွာ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ် ပြာသိုလဆန်း ၈ ရက်နေ့တွင် ရေဦးမြို့ ချမ်းသာကြီးပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့နေ ဦးထွန်းရှိန်+ဒေါ်ခ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရေဦးမြို့နယ် ကွမ်းအုံကျေးရွာ အောင်ဘုံကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တ၊ ရေဦးမြို့ ချမ်းသာကြီးပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် စာချဆရာတော်များ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနာယက၊ ဈေးကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစာရိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသနှင့် စာချဆရာတော်များ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ကို လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် "သကျသီဟဓမ္မာစရိယ" ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် "အဘိဓမ္မပါဠိပါရဂူ"ဘွဲ့ကို လည်းကောင်း ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်၊ (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေတို့အား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် (၁၁)ကျမ်း၏ အနက်အဓိပ္ပာယ်အကျယ်အဖွင့်ကျမ်း ငါးတွဲ ၊ သုတ်မဟာဝါဋီကာ၊ နိဿယအဓိပ္ပာယ်အကျယ်အဖွင့်ကျမ်း ပ၊ ဒု တွဲတို့ကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရနိကာယ်စာမေးပွဲ ပုစ္ဆက၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းနည်းပြအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာ ၇၀ ဝါအရ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ (၄-၂-၂၀၂၅)ရက် အင်္ဂါနေ့ နံနက် ၁၀ : ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၄

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သ ည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိကျောင်းသစ်ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၄၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၄၃ ဦး၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါရှိသူ ၉၀ နှင့် သွားနှင့်ခံတွင်းရောဂါရှိသူ ၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၆၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာ ၁၄ ဦးတို့ကိုနီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**(၁)အမျိုးသမီး**

နား၊ နှာခေါင်း၊ လည်ချောင်းလာပြတာရှင့်။ အလွန်လည်း ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ခရီးလမ်းက သွားရလာရတာဝေးတော့ အခုလိုမျိုး နယ်လှည့်ဆေးကုသင်္ဘောကြီးက ဆေးလာကုပေးတဲ့အတွက် အများကြီး အဆင်ပြေပါတယ်။ ဟိုအရင် နှစ်တွေတုန်းကလည်း နယ်လှည့်ဆေးကုသင်္ဘောကြီးက ဆေးလာကုပေးဖူးပါတယ်။ အဲဒီတုန်းကကျတော့ မျက်စိလာပြတာပါ။ မျက်စဉ်းဆေးပေးလိုက်တာနဲ့ တင် ပျောက်ကင်းသက်သာသွားပါတယ်။ အစစအရာရာ အားလုံး အဆင်ပြေတယ်။ ဆရာဝန်တွေက စေတနာလည်းထားပြီး ကုသပေးပါတယ်။ ငွေကုန်ကြေးကျကတော့ အများကြီး သက်သာပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ဆိုရင် ပုသိမ်မြို့အထိ သွားပြီးတော့ ဆေးခန်းသွားပြရတာပါ။ အခုလို လာရောက်ကုသပေးတော့ ဆိုင်ကယ်လေးနဲ့ လာလိုက်ရုံပါပဲ။ လမ်းစရိတ်ကလည်း အများကြီး သက်သာပါတယ်။ ဆေးကုသစရိတ်တွေလည်း အများကြီး သက်သာသွားပါတယ်။ အခုလို လာရောက်ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို အများကြီးကျေးဇူးတင်ပါတယ်ရှင်။

**(၂)အမျိုးသား**

ကျွန်တော် အရိုးအကြောရောဂါဖြစ်လို့ လာပြတာပါ။ လေ့ကျင့်ခန်းလုပ်ဖို့ ပြောပါတယ်။ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်။ ကျွန်တော်က ကျောက်ကပ် အဆင့် (၄) ဖြစ်နေတဲ့အခါကျတော့ အကိုက်အခဲပျောက်ဆေး သိပ်ပေးလို့ မရပါဘူး။ အဲဒါကြောင့် လေ့ကျင့်ခန်းတွေကို ပိုပြီးလုပ်ဖို့ ပြောပါတယ်။ ပါရဂူတွေနဲ့ ပြဖို့ဆိုတာက ကျွန်တော်တို့အနေနဲ့ ပုသိမ်တို့ ရန်ကုန်တို့ကို သွားမှ ပြလို့ရမှာပါ။ ကျွန်တော်က တစ်ယောက်တည်း သွားပြလို့ကလည်း အဆင်မပြေပါဘူး။ မိသားစုက လိုက်ပေးမှရတာပါ။ မိသားစုကလည်း လူနည်းတဲ့အခါကျတော့ သွားဖို့တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို ပါရဂူတွေလည်း စုံစုံညီညီ ရောက်လာတဲ့အခါကျတော့ လိုက်ပြသရတာ အထူးပဲ အဆင်ပြေပါတယ်။ သမားတော်ကြီးတွေ လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။ နိုင်ငံတော် အကြီးအကဲတွေကိုလည်း အခုလို ကုသလို့ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**







✧ **ကျောဖုံးမှ**

၁၉၅၉ ခုနှစ်ကတည်းက ထည့်သွင်းကျင်းပခဲ့သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်မှ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ဖူဆယ်အားကစားနည်းကိုမူ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ဆီးဂိမ်းပြိုင်ပွဲမှ စတင်ထည့်သွင်းကျင်းပသော်လည်း အကြိမ်တိုင်း မပါဝင်ဘဲ အိမ်ရှင်နိုင်ငံက အားသာသည့်ပြိုင်ပွဲမှသာ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၇၊ ၂၀၂၁ ပြိုင်ပွဲများတွင်သာ ထည့်သွင်းကျင်းပခဲ့ပြီး ယခုအကြိမ်တွင် ခြောက်ကြိမ်မြောက် ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းငါးသင်းသာ ရွှေတံဆိပ်ရရှိဖူးပြီး ထိုင်းအသင်းက ၁၆ ကြိမ်၊ မလေးရှားအသင်းက ခြောက်ကြိမ်၊ မြန်မာအသင်းက ငါးကြိမ်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့က သုံးကြိမ်စီ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ရှစ်ကြိမ်၊ ထိုင်းအသင်းက ငါးကြိမ် ဗိုလ်စွဲထားသည်။ ဖူဆယ်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် ထိုင်းအသင်းကသာ ထည့်သွင်းကျင်းပသည့် ငါးကြိမ်စလုံး ရွှေတံဆိပ်ဆု ရရှိထားသည်။

**ငွေတံဆိပ်ရရှိခဲ့**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့် ထိုင်းဆီးဂိမ်းပြိုင်ပွဲ၏ ဘောလုံးနှင့် ဖူဆယ်အားကစားနည်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းလေးသင်းအတွက် ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း မပါဝင်ဘဲ မြန်မာအမျိုးသားဘောလုံးအသင်းက စတုတ္ထ၊ အမျိုးသမီးဘောလုံးအသင်းက ငွေတံဆိပ် ရရှိခဲ့သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**


**အားကစား**

**မြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**


❂ **ဝက်စ်ဟမ်းအသင်းမှ**

ချယ်လ်ဆီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းက ပထမပိုင်းပွဲကစားချိန် ၄၂ မိနစ်မှာ ဘိုဝင်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ ပက်ဒရိုနီတိုရဲ့ သွင်းဂိုး၊ ၇၄ မိနစ်မှာ ဝန်ဘစ်ဆာကာရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးတို့ကို ခွင့်ပြုပေးလိုက်ရလို့ ချယ်လ်ဆီးအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ရပ်တည်နေ**

ချယ်လ်ဆီးအသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယား အဆင့်(၁)နေရာက လီဗာပူးအသင်းနဲ့ ၁၃ မှတ်အကွာ၊ အဆင့်(၂)နေရာက အာဆင်နယ်အသင်းနဲ့ ခုနစ်မှတ်အကွာ၊ အဆင့်(၃)နေရာက နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ လေးမှတ်အကွာမှာ ရှိနေတာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းနည်းပြ ဂရေဟမ်ပေါ်တာအနေနဲ့ အသင်းဟောင်းနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်၌ ပြန်လည်ဆုံတွေ့ချိန်မှာ ရှုံးပွဲကြုံခဲ့ရတာကြောင့် ရမှတ် ၂၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**


**"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ရေစင်လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဒေါ်နန်းမြင့်ဝေ[၁၂/လကန(နိုင်)၁၂၇၆၆၇] အမည်ဖြင့်ချထားပေးသော မြေကွက်ကြီး အမှတ်(၆)၊ အိမ်ယာကွက်ငယ်အမှတ်(၆၉)၊ မြေကွက်အကျယ်(၃၀') x (၆၀')မြေ အပါအဝင် အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ-ဦးလှိုင်မင်းဦး(ဘ)ဦးသန်းဌေးအောင်[၁၃/ညရန(နိုင်)၁၃၇၇၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ များပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မစ္ဆူအေးသိန်း(LL.B)(စဉ်-၁၂၂၅၇)(တရားလွှတ်တော်ရှေ့နေ)**

**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃**

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းအမှတ်(ဆရာစံ)ရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ မြေကွက်အမှတ်(၈၄/C)တွင် ''Dr. KO Aesthetics & Laser'' အမည်ဖြင့် ဖွင့်လှစ်ထားသော အလှအပဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအတွက် တည်ထောင်သူ ဒေါ်ခိုင်စံပယ်စိုး[၁၂/ဒဂန(နိုင်)၀၃၀၄၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ''Dr. KO Aesthetics & Laser'' တည်ထောင်ပြီး အလှအပရေးရာ ဆိုင်ရာဝန်ဆောင်မှုများဖြစ်သော ခေါင်းအစ၊ ခြေအဆုံး အလှအပဆိုင်ရာ ကုထုံးများလုပ်ကိုင်လျက်ရှိပြီး ''Dr. KO Aesthetics & Laser'' သည် ကောင်းမွန်သော အမည်ဂုဏ်သတင်းများဖြင့် ထင်ပေါ်ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်းတည်ထောင်ထားသည့် "Dr. KO Aesthetics & Laser'' အား ကောင်းမွန်သည့် ဂုဏ်သတင်းကို ထိခိုက်နစ်နာစေမည့် မဟုတ်မမှန်သတင်းများ ဖန်တီးရေးသား ဖြန့်ဝေပြောဆိုခြင်းစသည့် မည်သည့်အပြုအမူမျိုးကိုမဆို Facebook, Tik Tok, Telegram စသည့် အများပြည်သူအသုံးပြုသည့် လူမှုကွန်ရက်များတွင်ဖြစ်စေ၊ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ၏ ထိခိုက်နစ်နာမှုအရပ်ရပ်ကို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သူဇာငြိမ်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၄၀၁)**

**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊**

**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၀၁၊ မြေကွက်တည်နေရာအမှတ်(၁၀၁)၊ သုတ(၄)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ရွှေတင်(AC-029019)၊ ဒေါ်ငြိမ်းတင်(၁၂/ဥကတ(နိုင်)၁၂၅၃၉၇)၊ ဦးသိန်းဝင်း(၁၂/ဥကတ(နိုင်)၁၂၅၃၂၄)၊ ဒေါ်သန်းသန်းဝင်း(၁၂/ဥကတ(နိုင်)၀၄၅၁၈၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရွှေတင်(မိခင်)နှင့် ဦးတင်မြင့်(ဖခင်)တို့ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်သားဖြစ်သူ ဦးကျော်မိုးလွင်(၁၂/ဥကတ(နိုင်)၀၄၅၁၇၁)မှလည်းကောင်း၊ ဦးသိန်းဝင်း(ဖခင်)နှင့် ဒေါ်မြသန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ရွှေယမင်းဦး(၁၂/ဥကတ(နိုင်)၁၅၂၁၆၂)တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၇၆၁/၂၀၂၄(၁၆.၈.၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ကျန်အမည်ပေါက်(၂)ဦးဖြစ်သူ ဒေါ်ငြိမ်းတင်၊ ဒေါ်သန်းသန်းဝင်းတို့နှင့်ပူးတွဲ၍(ပိုင်ဆိုင်+စွန့်လွှတ်) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)

ဒုတိယညွှန်ကြားရေးမှူးချုပ်

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်(၄) Padauk Garden Villas, Phase(I) ပိတောက်လမ်းသွယ်(၂)လမ်း၊ အစိုးရမြေကွက်အမှတ်(၆၂၇/၅၀)ကုမ္ပဏီမြေကွက်အမှတ်(PV-59 A)ဧရိယာ(၂၄၀၀)စတုရန်းပေရှိသည့် ၁။ဦးကျော်သိန်း ၂။ဒေါ်ဖြူမာသင်း အမည်ပေါက်မြေကွက်နှင့်နေအိမ်အဆောက်အဦ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို FMI Garden Development Limited ထံမှအရောင်းအဝယ်သဘောတူကတိစာချုပ်အရဝယ်ယူထားသူ ၁။ဦးကျော်သိန်း(၁၂/ကမတ(နိုင်)၀၀၇၂၅၄)၊ ၂။ဒေါ်ဖြူမာသင်း(၁၂/ကမတ(နိုင်)၀၅၆၆၆၇)တို့က တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း၊ နှစ်(၆၀)မြေငှါးဂရန်လျှောက်ထားနေဆဲဖြစ်ပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်ငွေငွေမြင့်(၁၃/လရန(နိုင်)၀၈၆၃၇၀)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၃၃–လမ်း၊ အမှတ်(၆၂)နေ အဖ ဦးဆုလေမန်၏ သားဖြစ်သူ ဦးဂျလားလူဒင်(ခ)ဦးစန်းညွှန့်အောင်[၁၂/တမန(နိုင်)၁၃၈၁၉၈] ကိုင်ဆောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်းနေ အဖ ဦးရဖစ်၏ သမီးဖြစ်သူ ဒေါ်ဇာနည်ဦး(ခ)အနီမတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် ဦးဂျလားလူဒင်(ခ)ဦးစန်းညွှန့်အောင်မှ ဒေါ်ဇာနည်ဦး(ခ)အနီမအား အသိသက်သေများရှေ့မှောက်၌ အစ္စလာမ်တရားတော်နှင့်အညီ သွားလာလ်(၃)ကြိမ်တိုင်တိုင်ပေး၍ ကွာရှင်းပြတ်စဲခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ဒေါ်ဇာနည်ဦး(ခ)အနီမနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂျလားလူဒင်(ခ)ဦးစန်းညွှန့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၉၂)**

**ဒေါ်နီနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၁၈)**

**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ နယ်မြေ(၁)၊ ပန်းခင်း(၃)လမ်း၊ (၈၀x၁၀၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နေအိမ်တို့ကို မူလလက်ရှိနေထိုင်သူများဖြစ်သည့် ဒေါ်ကြည်ဝင်းနှင့် ဦးဇော်လင်းအောင်တို့ထံမှ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ကြည်တော်ကုန်း(က) (၁)လမ်း၊ အမှတ်(၅၃၁)နေ ကျွန်တော် ဦးတင်အောင်ရှိန် [၁၀/မလမ(နိုင်) ၁၃၃၀၆၃]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နေအိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးတင်အောင်ရှိန်**
**အမှတ်(၅၃၁)၊ ကြည်တော်ကုန်း(က) (၁)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။**

## အိမ်နှင့်ခြံရောင်းမည်

ဈ/၃၃/၁၀ရပ်ကွက်၊
သာစည်လမ်းမပေါ်၊
ရွှေပြည်သာမြို့နယ်၊
ပေ 20 x ပေ60
အိမ်ရှင်ကိုယ်တိုင်
အမြန်ရောင်းမည်
**ဖုန်း–09–799806965**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးမြို့ ၊ ဥဿာမြို့သစ်ရှိ မြေကွက်ကြီး အမှတ် (၂၅) ၊ မြေကွက်အမှတ် (၄၆၇ အေ+ ၄၆၉ အေ) (၈၀ ပေx၆၀ ပေ ) ၏ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် ပိုင်ရှင်ဖြစ်သူ ဦးစံပြည့်က မိတ္တူမှန်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစံပြည့်**
**[၃/ဘအန (နိုင်) ၀၀၉၃၉၆]**
**ဖုန်း–၀၉–၅၁၉၂၆၅၆**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၈၈)၊ မြေကွက်တည်နေရာအမှတ်(၈၈)၊ အောင်မြင့်မိုရ်လမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံတောင် ဦးဘိုဘို[၉/ပသက(နိုင်)၀၆၄၂၄၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဘိုဘို (ခင်ပွန်း)ဖြစ်သူသည် (၁၉–၂–၂၀၂၃) ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့[၁၂/ပဘတ(နိုင်)၀၀၄၃၃၇]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေစားအမွေခံ ပိုင်ဆိုင်သူမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်–၅၆/၂၀၂၄(၄–၁၁–၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားဂရန်စာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ၊ ကျောက်တိုင်စိုက်ထားပြီး ကိုယ်တိုင်မနေ၊ လျှောက်ထားသူမှမြေနေရာပြသ၍ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်သန်းနွဲ့၏ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ မြေကွက်အမှတ်–၄၆၅၊ တက္ကသီလာ (၃)လမ်း၊ ၁၁–ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်မြင့်ကြည် (AG–၁၀၄၇၆၄) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်ကြည်အား (တရားပြိုင်)ထားကာ ဦးအောင်ကိုကိုဇင် [၁၂/ဗဟန(နိုင်)၀၉၈၂၇၇]မှ (တရားလို) ပြုလုပ်၍ မင်္ဂလာဒုံမြို့နယ်တရားရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေ လိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး) ကိုယ်စား ဘီလစ် ဒေါ် နုနုလှိုင် [၁၂/ဥကမ(နိုင်)၁၀၄၉၃၄] မှ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၅/၂၀၂၄) (၄–၇–၂၀၂၄) တရားမဇာရီမှုအမှတ် (၂၉/၂၀၂၄) (၁၅–၈–၂၀၂၄)၊ တရားရှုံးကိုယ်စား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့် ဘီလစ်ခန့်စာ၊ နှစ် (၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂) ထပ်အုတ်ညှပ်တိုက် ၁ လုံးရှိပြီး အိမ်စောင့် ဖြစ်သူ မပေမာနေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်းနှင့် အိမ်စောင့်ထားရှိခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စကိုတာဝန်ယူကြောင်း (တရားနိုင်)ဦးအောင်ကိုကိုဇင်မှ လက်မှတ်ရေးထိုး ပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်နုနုလှိုင် မှ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇

ဦးရဲမင်းထွန်း — ဒေါ်ခင်အေး
ဒေါ်ဝေဝေခိုင်
ဒေါ်လှဲ့ဝါအောင်
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မာလာလမ်း၊ အမှတ် (၁၂၃၆)နေ တရားပြိုင် ဒေါ်ခင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရဲမင်းထွန်း ပါ (၃)ဦးက ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့က ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး( ၂ )**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅–၁–၂၀၂၅ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂) တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ရတနာခိုင်ဖြူမြင့်နှင့် ဒေါ်ဇင်မာလွင်(တရားလွှတ်တော်ရှေ့နေ)တို့၏ အများသိစေရန်ကြော်ငြာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)အစား ဒဂုံဆိပ်ကမ်းမြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်းဥပဒေ – ၂၂)
### ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်၌
### ၂၀၂၄–ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂နှင့် ဆက်နွှယ်သည့်
### ၂၀၂၅–ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁

ဦးပိုက်ဂျွန်းစေလမွန် (ခ) — နှင့် — ဦးရန်နိုင်
ဦးငွေဝင်း
**(တရားနိုင်)** — **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈/၁) ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၄၀၈/က)နေ ဦးရန်နိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄–ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုပေးစေလိုမှု ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၅–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်၊ ၁၃၈၆–ခုနှစ်၊ တပို့တွဲလဆုတ် (၆)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၅–ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲသူ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄

ဒေါ်ဖြိုးဖြိုးအိ — နှင့် — ဒေါ်ရှောက်ဟို
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၂၂၈)နေ ဒေါ်ရှောက်ဟို(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက"ပဋိညာဉ်အတိုင်းအရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စားရုံးတော် အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ )နေ့၊ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင်အမှု မဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁) ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် (၂) ဟုခေါ်တွင်သော တစ်ခန်းလျှင် ( ၂၅ x ၂၅)ပေ အကျယ်အဝန်းရှိ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ပထမထပ်၊ အခန်းအမှတ် (၁၀၁)တိုက်ခန်းသည် ဦးသီဝအောင် [၁၂/ဗဟန(နိုင်)၁၇၄၂၃၉] မှပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ ၎င်းမှ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်း မရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထား ခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀၃၁)၊ (၁၀၃၃)၊ ကနောင်မင်းသားကြီးလမ်း၊ (၁၄၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၁၀၃၁)နှင့် (၁၀၃၃)၊ ဧရိယာ(၄၀x၆၀)ပေအကျယ်အဝန်းစီရှိသော နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်သည် ဒေါ်လှလှငွေ [၁၂/သကတ(နိုင်)၀၀၃၅၇၁] မှအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ မြေကွက် (၂)ကွက် နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ( ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၂၉၈)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၉၈)၊ ဘုမ္မာ(၉)လမ်း၊ (ည)ရပ်ကွက်၊ ဒေါ်ခင်နှင်းဖြူ [၁၂/ဥကမ(နိုင်)၁၁၃၁၈၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်ခင်နှင်းဖြူ ကိုယ်တိုင်မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ စိစစ်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ်–မဥ/ဂရန်မိတ္တူ–၂၀၂၃၀၂၃၂၉၂/၂၀၂၃ (၂၄–၈–၂၀၂၃)ဖြင့် ဂရန်မိတ္တူမှန် လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှား စာချုပ်အမှတ်– မဥ/ည/၁၅(၂၀–၉–၉၃)ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀) မြေငှားဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၂၅–အေ)၊ ဧရိယာ(၀.၀၇၆)ဧကရှိ ဒေါ်ရီရီစန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမင်းစိုး (ဘ)ဦးခင်မောင်ကြည် [၉/ပမန(နိုင်)၂၁၀၃၄၁]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၆/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးသန်းစိုး (ဘ) ဦးအောင်ဆန်းဦး [၉/ပမန(နိုင်)၁၂၂၉၉၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်၊ အကွက်(D) The Century Condominium Complex ဟုခေါ်တွင်သော ကွန်ဒိုတွင် Block D, အခန်းအမှတ်(၁၁၀၇)၊ (၁၁)လွှာ၊ အခန်းအမျိုးအစား(A) အကျယ်အဝန်း(၁၈၃၉) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအရဖွဲ့စည်းထားသော ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၄၂၆၁၂၃)ဖြင့် အမှတ်(၅/၆)၊ ရွှေကိန္နရီအိမ်ဆိုင်၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ရုံးခန်းတည်ရှိသည့် ထွန်းမြတ်အောင်ကုမ္ပဏီလီမိတက်မှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့် ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မိုးမိုးမြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၀၆၀၆)**
**အမှတ်(၂)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်တရားရုံးအနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၅၀၁၂၂၂၅၊ ၀၉–၇၇၅၂၇၄၅၃၈**

## ဥတုရာသီ တောကိုမှီ၏

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ခွင့်ပြုငွေ (ငွေလုံးငွေရင်း)(RE) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မရမ်းကုန်းမြို့နယ်၊ဥက္ကလာလမ်းမကြီးတစ်လျှောက် လမ်းမီး မြေအောက်ဓာတ်အားလိုင်းပေ(၄၆၀၀)တည်ဆောက်ခြင်းနှင့်လမ်းမီးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက်လိုအပ်သော လမ်းမီးဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၂.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉.၂.၂၀၂၅) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၄-ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်အမှတ်- ၁၆၊ အခန်းအမှတ်-၃၀၂ ဟုခေါ်တွင်သော ဧရိယာ(၇၅၀) စတုရန်းပေရှိ ဦးခင်မောင်ဦး [၁၂/ကတတ (နိုင်) ၀၀၄၄၇၆] အမည်ဖြင့်ချထားပေးခြင်းခံရသည့်တိုက်ခန်းကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးအောင်ကိုလင်း [၇/ပခန(နိုင်)၂၃၂၈၃၈]နှင့် ဒေါ်သန္တာစိုး[၁၂/ကမရ(နိုင်)၀၄၈၂၂၂]**တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သစ်သစ်မြင့်အောင်(စဉ်-၁၂၁၇၈)** | **ဦးမြတ်သူ(စဉ်-၅၃၁၅၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံးအမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အမှတ်(၆၉၆)နေ ဒေါ်တင်တင်လှိုင် [၁၂/သဃက(နိုင်)၀၄၈၁၅၂] သမီးဖြစ်သူ မမေသူဇာခင် [၁၂/သဃက(နိုင်) ၁၉၁၃၈၀] (ဘ) ဦးခင်မောင်ဌွေးသည် မိခင်ဖြစ်သူ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ အရှက်သိက္ခာကျဆင်းသည့် ပြုလုပ်မှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း မမေသူဇာခင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမဆို မိခင်ဖြစ်သူမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ (၄)ရပ်ကွက်၊ စက်လမ်းနေ (ဘ) ဦးထွန်းဝင်း၏သား မောင်ထက်ကျော်[၁၂/မဘန(နိုင်)၁၈၂၁၆၉]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ (၁)ရပ်ကွက်၊ အသောကလမ်းနေ (ဘ)ဦးမောင်နိုင်၏သမီး မသက်ထားဆွေဇင် [၁၂/မဘန(နိုင်)၁၄၈၃၈၁]တို့သည် (၂၀၁၉)ခုနှစ်မှစ အိမ်ထောင်ကျခဲ့ပြီးနောက် (၃၀ -၁၂ -၂၀၂၄)ရက်နေ့တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် မိမိတို့၏ သဘောဆန္ဒအရ နှစ်ဖက်မိဘများ၏ရှေ့တွင်ပင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသက်ထားဆွေဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းမြတ်သူ**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၈၃၉၆ ( ၃၁-၁၀-၂၀၂၃ )**
**အသောကလမ်း၊ ရှမ်းစု(၁)ရပ်ကွက်၊ မှော်ဘီမြို့။ ဖုန်း-၀၉-၄၂၀၂၁၂၈၁၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၉)လမ်း၊ မြေကွက်အမှတ်(D/၄၈)၊ ဒေါ်ခင်ငွေ အမည်ပေါက် အလျား x အနံ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေကွက်မူလ အမည်ပေါက်သူ ဒေါ်ခင်ငွေက ဦးခင်မောင်ရီကို(၄-၈-၁၉၉၇)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ရောင်းချခဲ့ပြီးနောက်၊ ဦးခင်မောင်ရီက ဦးရွှေဘုန်းအောင်ကို (၉-၃-၂၀၁၁)ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ဦးရွှေဘုန်းအောင်က ဒေါ်နီလာဝင်းကို (၁၂-၈-၂၀၁၁)ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်နီလာဝင်းက ဦးဝင်းဗိုလ်ကို (၅-၁၂-၂၀၁၁)ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ဦးဝင်းဗိုလ်က ဦးမြတ်မင်းဟိန်းကို(၁၆-၁၀-၂၀၂၀)ရက်စွဲပါ စာချုပ်ဖြင့် လည်းကောင်း၊ ဦးမြတ်မင်းဟိန်းက ဦးအောင်လွင်ဦးကို (၈-၁၂-၂၀၂၁) ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း အသီးသီးပြန်လည်ရောင်းချခဲ့ပြီး နောက် ဦးအောင်လွင်ဦး[၁၂/ဒပန(နိုင်)၀၀၆၈၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိချမ်းလွန်[၁၂/သလန(နိုင်)၀၇၀၄၁၃]က (၁၂-၃-၂၀၂၂)ရက်နေ့တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ မြေကွက်သည် ဒေါ်မိချမ်းလွန် လက်ရှိ လက်ဝယ် ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိချမ်းလွန် တစ်ဦးတည်းပိုင်ဆိုင်ထားသည့်အတွက် ၎င်း၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အာမခံထားခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ကိုကိုဝင်း LL.B, D.B.L, W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၂၃)**
**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၅၄၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး PET/CT & Cyclotron Center ရှိ PET/CT & Cyclotron Center စက်၏ Spareparts များ လဲလှယ်ရန် ရှိပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် - ၄-၂-၂၀၂၅ (အင်္ဂါနေ့)
တင်ဒါပုံစံ နောက်ဆုံး ပေးသွင်းရမည့်နေ့ရက်/အချိန် - ၁၇-၂-၂၀၂၅ (တနင်္လာနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရုံးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဦးဝင်းဖေလမ်း၊ မြေကွက်အမှတ်(၇၁၆)၊ (အလျား၄၅ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ထွေး[၁၂/ဗတထ(နိုင်) ၀၁၃၄၅၅](KPU-၀၀၅၆၈၅)မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြကေသီခိုင်[၇/ပခန(နိုင်)၃၅၃၂၃၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ (၄၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ်(၁၀၂၇) ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းဝင်းဘတူအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၁x၆၀) ပေ၊ ဧရိယာ(၀. ၀၅၆)ဧက၊ (၂၄၆၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ရင်မူ [၁၂/အလန(နိုင်)၀၁၉၅၉၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ထွန်း [၁၂/ဥကမ(နိုင်)၁၆၄၉၁၇]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ (၃၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၁၀၅၇) ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်သီတာမျိုးအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၂ x ၆၀) ပေ၊ ဧရိယာ(၀.၀၅၈)ဧက၊ (၂၅၂၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးလွင်ကျော် [၁၂/ဥကတ(နိုင်)၀၁၅၁၂၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ထွန်း [၁၂/ဥကမ(နိုင်)၁၆၄၉၁၇]နှင့် ဒေါ်အိအိသင်း [၁၂/ရပသ(နိုင်) ၀၅၃၃၄၄]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ထွန်းနှင့်ဒေါ်အိအိသင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ | ၅၀၀ တန် |
| (ခ) | Chipping 3/4",3/8"/ Crushed Dust/ ကျောက်စရစ် | ၅၀၀ ကျင်း/၄၀၀ ကျင်း/၉၅၀ ကျင်း/၁၅၀၀ ကျင်း |
| (ဂ) | ဒီဇယ်ဆီ / ပရီမီယံဒီဇယ်ဆီ / ဓာတ်ဆီ | ၁၀၄၆၀၀ ဂါလန်/၁၅၀၀၀ ဂါလန်/၁၅၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၂-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၂-၂၀၂၅ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ယခင်-၃/၆/၁၅၀)၊ (ယခု-၂/၆/၁၅၀)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ပါမစ်မြေမှာ ဒေါ်အေးခင် (AR-၀၀၇၁၄၉) အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ထိုပါမစ်မြေမှ (၁၀x၆၀)ပေအား ဒေါ်မီမီလှိုင် [၁၄/အမန(နိုင်)၀၀၂၄၇၈]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထက်ပိုင် [၉/မခန(နိုင်)၂၄၅၁၄၂] မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထက်ပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၅၆၈)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၇၉၀၀၉၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ သံမဏိ(၃)လမ်း၊ အမှတ်(၂၉၄) (ပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်သန်း [၇/လပတ(နိုင်)၀၉၅၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနေလင်းအောင်[၁၂/ရပသ(နိုင်)၁၁၈၉၀၇]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၈၂၃၈)**
**ရုံး-ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၅၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

MV ခနရွှေလမင်းသင်္ဘော၊ မှတ်ပုံတင်အမှတ်-ON-101003၊ မြင်းကောင်ရေ-WEICHAI (610) BHP၊ စုစုပေါင်းတန်ချိန် (၄၀၆) တန်၊ အရှည် (45.34) M၊ အနံ (9.14) M ရှိ ကမ်းရိုးတန်းကုန်တင်သင်္ဘော အမျိုးအစား၊ လုပ်ငန်းလိုင်စင်အမှတ်-ရညန/လလေစ/မဟ/လ-၁ ၀၄၅၂အရ လုပ်ကိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသက်ကိုလွင် [၁၄/ပသန (နိုင်) ၁၆၃၂၀၅] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်ဝင်း [၁၃/တခန(နိုင်)၀၅၉၅၈၉] မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၃၄၃၊ မြေကွက်တည်နေရာ အမှတ်-၃၄၃၊ ရဲသူရိန်လမ်း၊ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးသိန်းအောင်(TKI-061425) အမည်ပေါက်၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း)ဦးသိန်းအောင်ကွယ်လွန်သဖြင့် ဒေါ်ခင်မြင့် [၁၂/ရကန(နိုင်)၀၅၄၈၄၄] မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း နှင့် အခြားမည်သည့်ဇနီးမျှမကျန်ရှိပါ ကြောင်း၊ ၎င်းသာအမွေဆက်ခံခွင့်ရှိပြီး အခြားသောအမွေဆက်ခံခွင့်ရှိသူတစ် ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံ ကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်တင် [၇/အဖန(နိုင်)၀၀၁၄၆၇]နှင့် ဒေါ်တင်မြင့်ကြူ [၇/အဖန(နိုင်)၀၈၇၁၈၀]တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၇-၇-၂၀၂၃ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့သည်။ ဒေါ်တင်မြင့်ကြူနှင့် ဦးအောင်တင်သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘော ထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် ၇-၇-၂၀၂၄ ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများနှင့်ပြုလုပ်ကွာရှင်းပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိတော့သဖြင့် ဦးအောင်တင်၏ ကိုယ်ရေးကိုယ်တာကိစ္စများနှင့် ပတ်သက်ပြီး ဝင်ရောက် စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်သူများအား တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဇန်မြင့်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၆၇)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၉၆၅၈၂၈၀၂၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အမှတ်(၇၀၃)နေ ဒေါ်ခင်စန်း [၁၂/သဃက(နိုင်)၀၇၀၂၀၀]သမီးဖြစ်သူ မသီရိထွန်း [၁၂/သဃက(နိုင်) ၁၈၃၆၀၈] (ဘ)ဦးတင်ညွန့်သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ အရှက်သိက္ခာ ကျဆင်းသည့် ပြုလုပ်မှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း မသီရိထွန်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စမဆို မိခင်ဖြစ်သူမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

# (၂) ခန်းတွဲ (၃) ထပ်ခွဲတိုက် အမြန်ရောင်းမည်

ပေ ၄၀ x ပေ ၆၀ မြေပေါ်မှာ အာရ်စီစီ (၂) ခန်းတွဲ (၃) ထပ်ခွဲတိုက် ပိုင်ရိုက်/ထုထည် (၉) လက်မ အုတ်ရိုးဖြင့် တည်ဆောက်ထားပြီး ရေ၊ မီးအစုံ လူနေရန်အဆင်သင့်၊ ဘီစီစီကျပြီး၊ အမည်ပေါက်ပါ ဆောင်ရွက်ပေးမည်။ လူလည်းနေ၊ ဆိုင်ခန်း၊ ပွဲရုံဖွင့်လို့ရသည့် တိုက်သစ် (၅) လုံးကို ပထမအရစ် ၅၀% ပေးချေပြီး ကျန် ၅၀% ကို (၈) လ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါမည်။ ဘဏ်နှင့်ချိတ်ဆက်၍လည်း ဝယ်ယူနိုင်ပါသည်။

တညင်းကုန်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်လက်ကားဈေးသစ်ကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (အလွန်အံ့သြဖွယ်ကောင်းသော ဈေးနှုန်းဖြင့် တိုက်သစ် (၅) လုံးမျှကိုသာ ရောင်းချပေးပါမည်။ ဦးရာလူရစေရမည်။)

**ဆက်သွယ်စုံစမ်းရန် - ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၄၂၈၆၂၄၃၆၃**

## (၃၁-၁-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၆)နှင့် (၁-၂-၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃) တို့တွင်ပါရှိသည့် ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ် တို့(၃)ဦးက ဦးမျိုးဝင်းအားလွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းကြော်ငြာသည် ဥပဒေအရမှန်ကန်ခြင်းမရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးရန်တုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အဝေယာလမ်း၊ အမှတ်(၁၇၅)နေ ဦးမျိုးဝင်း (ခ)ဦးမီတူး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ပန်းဘဲတန်းမြို့နယ်တွင်နေထိုင်ကြသော ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ် တို့(၃)ဦးက သဃ်န်းကျွန်းမြို့နယ်တွင်နေထိုင်သော ဦးမျိုးဝင်း(ခ)ဦးမီတူးကို သဃ်န်းကျွန်းမြို့နယ်တွင်ရှိသည့် မြေကွက်များကို လွန်ခဲ့သော(၁၀)နှစ်က အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းမှာ ထိုမြေကွက်များအတွင်းရှိ လူနေအိမ်များကို ဦးမျိုးဝင်းက ငွေကြေးစိုက်ထုတ်၍ ဖယ်ရှားရှင်းလင်းပေးရန်၊ ပြန်လည်တည်ဆောက်ရန်၊ လွှဲပြောင်းရောင်းချရန် စသောလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် ကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းဖြစ်ကြောင်းကို (၂၉-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)တွင် ဦးမျိုးဝင်းက အများသိစေရန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ (၁၀)နှစ်ကျော်ကာလအတွင်း ဦးမျိုးဝင်းကုန်ကျခဲ့သော ကုန်ကျစရိတ်အဝဝမှာ ငွေကျပ်-၁၀၀၀၀,၀၀၀၀၀ိ/-(ကျပ်သိန်းတစ်သောင်း)ကျော်ကုန်ကျခဲ့ပါသည်။

ဦးမျိုးဝင်းက ကြေးမုံသတင်းစာတွင်ကြေညာပြီးနောက် (၃၁-၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၆)နှင့် (၁-၂-၂၀၂၅)ရက်နေ့တွင် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၃)တို့တွင် ဦးခါလစ်၊ဦးဟမ်ဆာ၊ဦးသာဟောရ်တို့က ဦးမျိုးဝင်းအားပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း ကြေညာခြင်းသည် ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၀၂၊ ၂၀၄၊ ၂၂၁ တို့အရ ရုပ်သိမ်း၍မရပါ။ ပဋိညာဉ်ဥပဒေအရ (Principal) က (Agent) ကို ပေးရန်ရှိငွေများ၊ စိုက်ထုတ်ထားငွေများ မပေးရသေးသည့်အတွက် စာရွက်စာတမ်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဦးမျိုးဝင်းက လက်ဝယ်ထားရှိရဦးမည်ဖြစ်ပါသည်။ ၎င်းအပြင် ဦးမျိုးဝင်း၏ အကျိုးသက်ဆိုင်ခွင့်များအား ထိခိုက်အောင် ကိုယ်စားလှယ် ခန့်ထားခြင်းကို ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ်တို့က ရုပ်စဲခြင်းမပြုနိုင်ပါ။

ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ်တို့က ဦးမျိုးဝင်း၏အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခြင်းသည် ဦးမျိုးဝင်း၏ရပိုင်ခွင့် (interest) များကိုထိခိုက် (prejudice) သည်ဖြစ်၍ ဦးမျိုးဝင်းအား ကိုယ်စားလှယ်အဖြစ် ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ်တို့က ပြန်လည်ရုပ်သိမ်းခွင့် မရှိကြောင်း တုံ့ပြန်ကြေညာအပ်ပါသည်။

ထိုကဲ့သို့ ပဋိညာဉ်အက်ဥပဒေပါပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ သက်ဆိုင်ရာဌာနများတွင် တိုင်ကြားပြီး လူနေအိမ်များကို ဖယ်ရှားရသည့်တာဝန်များကို ဦးမျိုးဝင်းက ငွေကျပ် သိန်း(၁၀၀၀၀) ကျော်ကုန်ကျခံဆောင်ရွက်ခဲ့ရသည့် (၁၀)နှစ်ကျော်ကြာပြီးမှ ဦးမျိုးဝင်းအား ပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကို ဥပဒေမဲ့ရုပ်သိမ်းခြင်းမှာ လက်ခံနိုင်စရာမရှိသည့်အတွက် ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ်တို့၏ (၃၁-၁-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် (၁-၂-၂၀၂၅)ရက်စွဲပါကြေးမုံသတင်းစာပါ ကြော်ငြာများကို (၇)ရက်အတွင်း ဝန်ချတောင်းပန်ပြီး ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ "(၃၁-၁-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် (၁-၂-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာပါ အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းကြော်ငြာ" များကို ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟောရ်တို့က ဝန်ချတောင်းပန်ပြီး ပြန်လည်ရုပ်သိမ်းခြင်းမပြုခဲ့ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေထွန်းကြည် (B.Sc., H.G.P, R.L., D.A)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၆၆/၉-၁-၁၉၈၉)**
**အမှတ်(၈၄)၊ မန္တလေးလမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၁)၊ကြာနီလမ်း၊မြေကွက်အမှတ်(၁၆၅၆)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးစိုးလွင်(၁၂/ဥကတ(နိုင်)၀၇၂၇၆၇) အမည်ပေါက်နှစ် ၆၀ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအား အထူးကိုယ်စားလှယ်လွှဲစာ(၈၁၆၅/၂၀၂၁)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမျိုးဝင်းဇော်(၁၂/ဥကတ(နိုင်)၁၃၀၂၁၅)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တော်သစ်အိမ်ယာတွင်နေထိုင်သူ**ဒေါ်သိင်္ဂီ (ဘ) ဦးသန်းတင်**(၁၂/ပဇတ(နိုင်)၀၀၁၃၆၇)၏လွှဲအပ်ညွှန်ကြားချက်အရ- (ဖခင်)ဦးသန်းတင် (မိခင်) ဒေါ်မြင့်မြင့်သန်း တို့ထံတွင် မွေးချင်းသမီး(၂)ဦးရှိသည့်အနက် ဒေါ်သိင်္ဂီသည်သမီးငယ်ဖြစ်ပါသည်။ သမီးကြီးဖြစ်သူမှာ ဒေါ်ကြည်ကြည်တင်ဖြစ်ပါသည်။ ဖခင်ကြီးသည် (၂-၉-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ မိခင်ကြီးသည် ယခုအခါ အသက်(၈၁)နှစ်ရှိပြီးသက်ရှည်ကျန်းမာကောင်းမွန်စွာဖြင့်နေထိုင်လျက်ရှိပါသည်။ ဖခင်ကြီးမကွယ်လွန်မီအချိန်တွင် သမီးကြီးဖြစ်သူ ဒေါ်ကြည်ကြည်တင်အား အမှတ်(၅၀)၊ (၄-လွှာ)ရှိ တိုက်ခန်း (၂)ခန်းတွဲ၊ ဝတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိအကျိုးခံစားခွင့်အား အပြီးအပိုင်ပေးအပ်ထားပြီးဖြစ်သည့်အပြင် ၎င်းကိုယ်တိုင်လည်းလက်ရှိနေထိုင်လျက်ရှိပါသည်။ အလားတူပင် သမီးငယ်ဖြစ်သူ ဒေါ်သိင်္ဂီအား အခန်း(၉၁၁)၊ (၉-လွှာ)၊ ပြည်တော်သစ်အိမ်ယာ၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ပေးအပ်ထားပြီးဖြစ်၍တစ်ဦးတည်းပိုင်ဆိုင်မှုဖြစ်ပါသည်။ ထို့ပြင် မိခင်ကြီးလက်ရှိနေထိုင်သည့် အမှတ်(၅၀)၊ (ပထမထပ်-ဝဲဘက်)ရှိတိုက်ခန်း၊ ဝတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နှင့်ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာရှိ မြေကွက်တို့၏အကျိုးခံစားခွင့်တို့သည်မိခင်ကြီးလက်ရှိပိုင်ဆိုင်နေထိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများဖြစ်ကြောင်းနှင့် အဆိုပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေဒေါ်သိင်္ဂီ သိရှိခြင်းမရှိဘဲမည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း စသည့်တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့်ပြုလုပ်ပါက ကန့်ကွက်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သိင်္ဂီ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ဇင်ဦး (စဉ်-၁၀၅၁၃/၂၀၁၅)**
**(LL.B)**

**ဒေါ်ခင်လတ်လတ်စိုး(စဉ်-၈၅၂၆/၂၀၁၂)**
**LL.B(Q);LL.M;B.A(Business Law)**

**(တရားလွှတ်တော်ရှေ့နေများ)**
အမှတ်(၄)၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဖုန်း-၀၉၅၀၃၉၅၉၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေ /မြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် - ၁၊ ၉-လွှာ နေ ဦးထွန်းမင်း [၁၂/စခန(နိုင်)၀၆၉၃၃၁]နှင့် ဒေါ်စန်းစန်းမြင့် [၁၂/လကန(နိုင်)၁၅၅၁၀၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်ကောင်းမြတ်ဟိန်း [၁၂/စခန(နိုင်)၀၇၄၃၇၄] သည် ဖခင်ဖြစ်သူ ဦးထွန်းမင်းနှင့် မိခင်ဖြစ်သူ ဒေါ်စန်းစန်းမြင့်တို့၏ ပြောဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ ဆွေမျိုး၊ မိတ်ဆွေအသိုင်းအဝန်း ပတ်ဝန်းကျင်၌ မိဘတို့၏ဂုဏ်သိက္ခာကျဆင်း၍ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်းကြောင့် မောင်ကောင်းမြတ်ဟိန်းအား သားအဖြစ် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်ဆက်နွှယ်သည့် လူမှုရေး၊ စီးပွားရေးတို့နှင့် အခြားသောမည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးအောင်ဖြိုးလတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၀၅)**
**အမှတ် (၈၆)၊ ဒုတိယထပ်၊ ၄၉-လမ်း (အလယ်)၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၇၇၀၀၅၂၁၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀)ရပ်ကွက်၊ အမှတ် (၂)၊Diamond Inya Palace Condominium,19th Floor,Unit No.(1916)၊အကျယ်အဝန်း (၉၉၉)စတုရန်းပေရှိကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါ်သီတာဝင်း [၁၂/ဥကတ(နိုင်)၁၄၂၄၂၁]** မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B)** | |
| | **(စဉ်-၅၆၆၆၂)** | |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## Marriage

I, Minn Myanmar (PP No. 644 225 264) son of (U Kyaw Shwe and Daw Hnin Oo Wai) and I, Swe Swe Phyoe (12/ LaThaNa (Naing) 000656) daughter of U Hla Mg and Daw Mya Mya Win were married on (23.Jan.2025) with the consent of the parents of both sides.

**Minn Myanmar**
**Swe Swe Phyoe**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၅၊ မြေကွက်အမှတ်-၂၄၁၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အိမ်အမှတ်-၂၄၁ ဟု ခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဦးခင်မောင်မြင့် [၉/မရတ(နိုင်)၁၀၃၁၅၉] + ၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄**

ဒေါ်ခင်သူဇာဝင်း နှင့် ဦးဟင်ဘီး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၇(အေ)နေ တရားပြိုင် ဦးဟင်ဘီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းဆောင်ရွက်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်၊ (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ရက်)နေ့ မွန်းမတည့်မီ(၁၀း၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲသူ)**
**ဒုတိယမြို့နယ်တရားသူကြီး( ၂ )**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀**

ဦးလွင်ရန်နိုင် နှင့် ဦးသိန်းဟန်(ခ)ဆန်းနီး
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၇၇၅)နေ ဦးသိန်းဟန်(ခ)ဆန်းနီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၂ ရက် )နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရွက်လှလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၁)၊ မြေကွက်အမှတ် - ၆၈(က)၊ အကျယ်အဝန်း (၂၀)ပေ x (၆၀)ပေရှိ ဦးအောင်ဆန်းထွန်း [၁၂/ပဇတ(နိုင်)၀၀၁၉၀၁]အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညိုဝင်း [၆/လလန (နိုင်)၀၁၇၄၃၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဆန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo**
**အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ဟံသာဝတီအိမ်ရာ၊ တိုက်အမှတ်(B8)၊ တိုက်ခန်းအမှတ်-၅၀၁၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံ၊ တိုက်ခန်း အမည်ပေါက် ဒေါ်အိသန္တာ [၁၀/သထန(နိုင်)၁၁၈၅၄၁]ထံမှ ဦးအောင်ဇော်မင်း [၁၂/ဗဟန(နိုင်) ၀၄၉၀၈၄]က (၃၁-၁-၂၀၂၅)ရက်နေ့၌ "နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ(စရန်)ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဇော (B.Sc, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၇၄/၈၈)**
**အမှတ်-၃၆/၃၊ ၆၂-လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၁၄၁၆၉၆၊ ၀၉-၄၄၃၀၅၈၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁တိုးချဲ့၊ မြေကွက်အမှတ်-၄၁၂၊ (၄၀'x၆၀') အကျယ်ရှိ ဒေါ်ခင်အုံးရီ (ISN – 547192)အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်း မပြုရသေးသော မြေကွက်၏အလယ်ပိုင်း (၂၀'x၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၁၂)၊ အောင်ချမ်းသာ(၅)လမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သူ ဦးထွန်းလှအောင် [၁၀/သထန(နိုင်)၁၀၀၅၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောနု (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၂၉၁)**
**အမှတ် (၁၅)၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၄၂၁၀၀၄၆၆၁၊ ၀၉-၇၈၀၉၃၄၅၀၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃**

ဒေါ်ခင်သူဇာဝင်း နှင့် ဦးဟင်ဘီး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၇(အေ)နေ တရားပြိုင် ဦးဟင်ဘီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဆောင်ရွက်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်၊ (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ(၁၀း၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ရဲသူ )**
**ဒုတိယမြို့နယ်တရားသူကြီး( ၂ )**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရွှေမေတ္တာအပြင်လမ်း၊ တိုက်အမှတ်-၁၇၃၁၊ (၁)ခန်းတွဲ (၆)ထပ်တိုက်မှ ၄-လွှာ (တတိယထပ်)၊ အကျယ်အဝန်း (၁၈'x ၅၄')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စိုးမြမြငြိမ်း[၁၂/ဗဟန(နိုင်) ၀၉၀၆၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနူရ်မာမတ် [၁၂/တမန(နိုင်)၁၃၃၄၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး ( LLB,D.B.L,D.M.L,D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

# ဝတ်ရည်ဦး

ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။

**09-43088052**
**09-260660405**
**09-421067330**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်အုပ်စု၊ အေးမေတ္တာကျေးရွာ၊ ဂျိုးဖြူ(၁)လမ်း၊ အမှတ်-၃၀ မူလပိုင်ရှင် ဦးရဲလင်း [၁၂/မဂဒ(နိုင်) ၁၅၅၆၂၈] မှ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသော (အလျား ၄၀ ပေ x အနံ ၄၅ပေ)ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာသန်း [၁၂/တမန(နိုင်) ၀၇၄၅၂၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအရောင်းဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချမ်းမြေ့လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၈၉၂)**
**အမှတ်-(၄၆၄)၊ ရန်ကုန်-အင်းစိန်လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-09-658201242**

## I JIN INTER MYANMAR COMPANY LIMITED မှ တရားဝင် ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများပေါ်တွင် ကပ်နှိပ်ရောင်းချလျက်ရှိသည့် ကုမ္ပဏီပိုင် ကုန်အမှတ်တံဆိပ်အား အများသိစေရန် ကြေညာချက်

၁။ I JIN INTER MYANMAR COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် (135172219/၂၁- ၁၀-၂၀၂၂)သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ အလှကုန်ပစ္စည်းအမှတ်တံဆိပ်များဖြစ်ကြသော ABOUT_TONE, BBIA , Celluver, CLIO PROFESSIONAL, COSRX, ETUDE , NEOPHARM , rom&nd, SK I N 1 O O 4, goodal, IUNIK , peripera, SOMEBYMI အမည်ရှိ အမှတ်တံဆိပ်အလှကုန်ပစ္စည်း အမျိုးမျိုးနှင့် စပ်လျဉ်း၍ မြန်မာပြည်၌ Authorized Distributor အဖြစ် ၎င်းတို့၏ ကုမ္ပဏီအသီးသီးမှ အသိအမှတ်ပြုလက်မှတ်များ (Letter of Authorization) ရရှိထားပြီးဖြစ်ပါသည်-

rom&nd SOMEBYMI
IUNIK COSRX Celluver
ETUDE NEOPHARM
BBIA goodal CLIO PROFESSIONAL
peripera ABOUT___TONE.

၂။ I JIN INTER MYANMAR COMPANY LIMITED မှ အထက်ဖော်ပြပါ အလှကုန်ပစ္စည်းအမျိုးမျိုးတွင် အောက်ဖော်ပြပါ မိမိတို့ကုမ္ပဏီ၏ မှတ်ပုံတင်ပြီး ကိုယ်ပိုင်အမှတ်တံဆိပ်ကို အလှကုန်ပစ္စည်းတစ်ခုချင်းစီ၌ ကပ်နှိပ်၍ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ရောင်းချလျက်ရှိပါသည်။ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှာ (၄/၄၆၃၄/၂၀၂၃) (၁၅-၅-၂၀၂၃)ဖြစ်ပါသည်-

I-JIN

၃။ သို့ဖြစ်ပါ၍ မိမိတို့ကုမ္ပဏီမှ ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများကို အစဉ်တစိုက် စွဲမြဲသုံးစွဲလျက်ရှိကြသော မိဘပြည်သူများအနေဖြင့် မိမိတို့ကုမ္ပဏီ၏ အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများကို ဝယ်ယူရာတွင် ဆင်တူယိုးမှားအတုအပ သတိပြုနိုင်ကြပါရန်နှင့် I Jin Inter Myanmar Co.,Ltd ၏ တရားဝင် လူမှုကွန်ရက် စာမျက်နှာများတွင် အတု/အစစ် ကြည့်ရှုစစ်ဆေးနိုင်ရန် လမ်းညွှန်စာပိုဒ်များ ရေးသားထားရှိပါကြောင်း၊ အလွယ်တကူ စစ်ဆေးနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**I JIN INTER MYANMAR CO.,LTD.**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနန္ဒမျိုးအောင် (LL.B) (DIPL)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၇၉၄/၃၀-၁၁-၂၀၂၃)**
**အမှတ်(၄၆)၊ သစ်တောလမ်း၊ စောရန်ပိုင် (အရှေ့)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-428935929, 09-699184983**

## "ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်ခြင်း"

**ဦးတေဇာမြင့်** သည် ၃၁-၁-၂၀၂၅ ရက်နေ့တွင် ဂေါက်သီးရိုက်ကစားဖော်များဖြစ်ကြသည့် ဦးအောင်ကျော်မိုး၊ ဦးအောင်ကျော်လတ်၊ ဦးစံလှ၊ ဦးအောင်ပြည့်ဖြိုးတို့ဖြင့် ဂေါက်သီးရိုက်ကစားရာ "မြကျွန်းသာဂေါက်ကလပ်" ကွင်းအမှတ်(၁) (အကွာအဝေး ၁၁၀ ကိုက်)၌ Srixon 8 ဂေါက်သီးအား Xxio Mp 800 P/W ဖြင့် ရိုက်ရာ **ဦးတေဇာမြင့်**သည် တစ်ချက်တည်းကျင်းဝင် (Hole in One) ရရှိခဲ့သဖြင့် "မြကျွန်းသာဂေါက်ကလပ်"မှ ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

**မြကျွန်းသာဂေါက်ကလပ်**
**ကျွန်းစုမြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာ)ရပ်ကွက်၊ သဇင်(၅)လမ်း၊ အမှတ်(B/၆၁)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)မှာ သန်လျင်မြို့မြေစာရင်းရုံးတွင် ဒေါ်ရီ+ဒေါ်သန်းသန်းအောင်တို့အမည်ဖြင့် မှတ်သားတည်ရှိသော မြေချစလစ်အမျိုးအစား မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေx၆၀ပေ) (တောင်ဘက်ခြမ်း)မြေကွက်နှင့် တစ်ထပ်တိုက် နေအိမ်နှင့်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမျိုးမင်းထွန်း[၁၄/ဓနဖ(နိုင်)၁၁၇၃၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင် [၁၂/သကတ(နိုင်)၁၅၀၂၉၀] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်ခြံမြေဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ သို့ဖြစ်ရာ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီသီစန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၇၃)**
**အမှတ်(၆၆၀)၊ ဝေဇယန္တာ(၁၄)လမ်း၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၇၉၈၅၃၈၃၂၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဓမ္မရိပ်သာလမ်း၊ အမှတ်(၃၈၄)နေ ဦးအောင်မင်း[၁၂/ဒပန(နိုင်)၀၀၅၉၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်း[၁၂/ဒပန(နိုင်)၀၀၅၉၉၈]သည် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဓမ္မရိပ်သာလမ်း၊ အမှတ် (၃၈၄)၏ ဘေး မြေပိုအကျယ်အဝန်း(၁၀ပေx၆၀ပေ)ပေါ်၌ ၁၉၉၁ ခုနှစ်မှစ၍ မိသားစုနှင့်အတူ ယနေ့အချိန်ထိ နှစ်(၃၀)ကျော်နေထိုင်ပိုင်ဆိုင်ခဲ့သည့် အထက်ဖော်ပြပါမြေပိုသည် ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းပိုင်ဆိုင်သော အထက်ဖော်ပြပါမြေပိုမြေကွက်နှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ပါရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B, D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၀၂)**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးစန်းလွင်[၁၂/ဗဟန(နိုင်)၀၈၁၀၉၇]နှင့် တကွ အများသိစေရန် ကြေညာခြင်း

CB Bank PCL (Rish Management Division) မှ တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

CB Bank PCL တွင် လူကြီးမင်းဦးစန်းလွင် အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ ကွန်ဒိုတိုက်ခန်း အမျိုးအစား(Grနှင့် Gr+M) ဖြစ်သော အခန်းအမှတ်-၉၊ မြေညီထပ်၊ ဧရိယာ(၁၆၈၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း၊ အခန်းအမှတ်-၁၀၊ မြေညီထပ်၊ ဧရိယာ(၁၇၅၅)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း၊ အခန်းအမှတ်-၁၁၊ မြေညီထပ်၊ ဧရိယာ(၁၄၂၇)စတုရန်းပေရှိတိုက်ခန်း(၁)ခန်း၊ အခန်းအမှတ်-၁၄၊ မြေညီထပ်+ထပ်ခိုး၊ဧရိယာ(၄၃၁၇) စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း၊ အခန်းအမှတ်-၁၅၊ မြေညီထပ်+ထပ်ခိုး၊ ဧရိယာ(၃၆၉၅)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း၊ အခန်းအမှတ်-၁၆၊ မြေညီထပ်+ထပ်ခိုး၊ ဧရိယာ(၃၆၀၈) စတုရန်းပေရှိ တိုက်ခန်း (၁)ခန်းတို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအား (၈-၇-၂၀၂၀) ရက်နေ့တွင် ဘဏ်သို့အာမခံအဖြစ် ပေးအပ်၍ Term Loanချေးငွေ ကျပ်သိန်း-၂၂,၅၀၀/- (ကျပ်သိန်းနှစ်သောင်း နှစ်ထောင့် ငါးရာတိတိ)ကို ချေးယူခဲ့ပါသည်။

လူကြီးမင်းသည် ချေးငွေသက်တမ်းကာလအတွင်း ကျသင့်သော ချေးငွေအရင်း၊ အတိုးတို့ကို CB Bank PCL ၏ချေးငွေဆိုင်ရာ စည်းကမ်းချက်များအတိုင်း ပေးဆပ်ခြင်းမရှိသည့်အပြင် ချေးငွေသက်တမ်းကုန်လွန်သည်အထိ ဘဏ်သို့ချေးငွေအပြေအကျေပေးဆပ်ခြင်း မရှိဘဲ ပျက်ကွက်ခဲ့သည့်အတွက် လူကြီးမင်းထံသို့ ဘဏ်မှ အကြောင်းကြားစာများ အကြိမ်ကြိမ်ပေးပို့တောင်းခံခဲ့သော်လည်း လူကြီးမင်းမှ လိုက်နာခြင်းမရှိဘဲ ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ (၂၇-၁-၂၀၂၅)ရက်နေ့ထိ လူကြီးမင်းမှဘဏ်သို့ ပေးဆပ်ရန်ရှိသော ချေးငွေ အရင်း+အတိုး စုစုပေါင်း ၃,၆၅၃,၀၂၉,၁၃၉/၆၄-တိတိအား (၁၈-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ မပျက်မကွက်လာရောက် ပေးဆပ်ပါရန်နှင့် လူကြီးမင်းမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ လူကြီးမင်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဖြိုးသီ LL.B, D.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့ ။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၆)၊ မြေကွက်တည်နေရာအမှတ်(၇၆)၊ စိန်ပန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ပါးပါး(TSN-၃၈၉၇၅၈)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ကွယ်လွန်သဖြင့် ၎င်း၏သား/သမီးများဖြစ်ကြသော ဒေါ်မူဒူး၊ ဒေါ်ရာဂျူး(ခ)မအေး၊ ဒေါ်မိမိုး(ခ)မိုးမိုး၊ ဦးခင်မောင်ထွေး(ခ)မောင်ဖြူတို့အား (တရားပြိုင်)ထားကာ ဦးသိန်းဇော်၏ အခွင့်ရကိုယ်စားလှယ် ဦးနေလတ်စိုးမှ(တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်ခရိုင်တရားရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံးများ)ကိုယ်စား ဘီလစ်ဒေါ်ခင်ရူပလှိုင်[၇/ရကန(နိုင်)၀၆၂၂၆၄]မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၂၅၈/၂၀၁၇) (၂၆-၁-၂၀၁၈)၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ်(၉/၂၀၂၃)(၂၁-၄-၂၀၂၃)၊ တရားရှုံးများအပေါ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက်(၁)လုံးရှိပြီး တရားနိုင်ဦးသိန်းဇော်၏သမီးဖြစ်သူ ဒေါ်နွဲ့နွဲ့မော် မိသားစု နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်းနှင့် တရားနိုင်၏သမီးဖြစ်သူ နေထိုင်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူ ဘီလစ် ဒေါ်ခင်ရူပလှိုင်မှ လက်မှတ်ရေးထိုးထားပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်ခင်ရူပလှိုင်မှ အရောင်းမြေပုံ ကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းလှကျော်ထင်လမ်း၊ အမှတ်(၉၅၉)နေ ဦးလှမျိုး၏ သမီးဖြစ်သူ မအိကေဇင်ထွဋ် [၁၂/သခန(နိုင်)၁၃၆၄၇၉]သည် မိဘများ၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် (၂၇-၁-၂၀၂၅)ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံး၀)တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးလှမျိုး [၁၂/သခန(နိုင်)၀၈၄၆၈၈]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အမှတ်(၅၀/ဃ) နေ ဦးတင်ဝင်းနှင့် ဒေါ်ယမင်းသူဇာနိုင်တို့၏သား မောင်ထက်တိုးခန့်[၁၂/ဗတထ(နိုင်)၀၄၄၉၈၆]သည် မိဘဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ထက်တိုးခန့်နှင့် ပတ်သက်ဆက်နွှယ်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်းကို မောင်ထက်တိုးခန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း [၁၂/ဗတထ(နိုင်)၀၀၈၃၁၈]**
**ဒေါ်ယမင်းသူဇာနိုင် [၁၂/ဗတထ(နိုင်)၀၀၈၆၆၂]**

## ဦးရဲဝင့်သူ [၁၀/မလမ(နိုင်)၁၈၂၉၂၉] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်(၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်( ၁၉/၂၁)၊ အခန်း(C-3)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဒေါ်လွင်လွင်နွယ်[၁၂/တမန(နိုင်)၀၉၅၆၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်လွင်နွယ်နှင့် ဦးရဲဝင့်သူတို့သည် လွန်ခဲ့သော (၂၆-၁၂-၂၀၁၉)ရက်နေ့က မြန်မာဓလေ့ထုံးတမ်းဥပဒေ နှင့် အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ယင်းသို့ ပေါင်းသင်း နေထိုင်စဉ် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးရဲဝင့်သူသည် (၃၁-၁-၂၀၂၅)ရက်နေ့က လင်မယားနှစ်ဦးပိုင်မော်တော်ယာဉ်ကို ရောင်းချကာ မိသားစုအတူနေထိုင်ရာနေအိမ်မှ ၎င်း၏ သဘောဆန္ဒအလျောက်ထွက်ခွာသွားပြီး ဇနီးဖြစ်သူ ဒေါ်လွင်လွင်နွယ်နှင့်သားသမီး(၂)ဦးကို စွန့်ပစ်သွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ မည်သို့မျှ ဆက်သွယ်မှု တစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိတော့ပါ။

သို့ပါ၍ မိသားစုအား အကြောင်းမဲ့စွန့်ပစ်သွားသူ ဦးရဲဝင့်သူ ပြုလုပ်ဆောင်ရွက်ခဲ့သမျှ၊ ပြုလုပ်ဆောင်ရွက်ထားသမျှ အရာရာအားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဒေါ်လွင်လွင်နွယ်နှင့် မည်သို့မျှ သက်ဆိုင်မှုမရှိပါကြောင်းနှင့်ဒေါ်လွင်လွင်နွယ်အနေဖြင့် တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ဦးရဲဝင့်သူနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ်-၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-402698729**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊ မြေကွက်အမှတ်(၂၁/က)၊ ဟုခေါ်တွင်သော အမှတ်(၂၁/က)၊ ကျန်စစ်သားလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် **ဒေါ်တင်ကြည်(ALN-၀၀၃၂၁၀)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်တင်ဇာလီဦး(၁၂/လမန(နိုင်)၁၄၆၀၄၅)**သည် **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"**များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီး အပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုမြတ်မောင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊

**သာလွန်ကျော်**
**အိမ်၊ခြံ၊မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
**Ph:09-420780797**
**09-261119599**

## ပတ်စ်ပို့ပျောက်ဆုံး

(ဘ)ဦးညီအေး ၏ သား မောင်သက်နိုင်အေး [၁၂/မဂတ(နိုင်)၀၂၀၇၅၃]၏ နိုင်ငံကူးလက်မှတ် အမှတ် (MA-441242)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၀၇၄၉၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ပေါ်တော်မူ(၂)လမ်း၊ အမှတ်(၃)ဟု ခေါ်တွင်သော အကျယ်အဝန်း(ပေ၂၀xပေ၄၀)ခန့် အကျယ်ရှိ (၁)ခန်းတွဲ(၅)ထပ်တိုက်ရှိ(၄)လွှာဟုခေါ်တွင်သော ရေ၊ မီးစုံလင်စွာပါရှိသည့်တိုက်ခန်း(၁)ခန်းအပါအဝင်ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဝယ်ယူထားသူ ဒေါ်ခင်မေထွေး[၁၂/မရက(နိုင်)၀၆၃၄၂၁]ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ခင်ပွန်းဖြစ်သူဦးသန်းမြင့်[၁၂/မရက(နိုင်)၀၆၃၄၂၀]မှ တစ်ဦးတည်းခင်ပွန်းဖြစ်ကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဦးကျော်စိန်[၁၂/ဗတထ (နိုင်)၀၀၀၆၈၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ဖြိုးဝေLL.B** (စဉ်-၁၇၄၆၁)
**ဒေါ်အိအိခင် LL.B, LL.M,D.M.L** (စဉ်-၉၇၉၅ )

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၇၉၅၃၇၅၉၃၆**

## တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမင်းလမ်းကျေးရွာအုပ်စု၊ သစ်ယာကုန်းကျေးရွာနေ ဦးယာကုပ် [၄/ပလဝ(နိုင်)၀၄၀၂၄၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးယာကုပ်(ဘ)ဦးထောင်ဘွဲ့ [၄/ပလဝ(နိုင်)၀၄၀၂၄၆] ကိုင်ဆောင်သူနှင့် ဒေါ်မိုးကလျာစိုး (ဘ) ဦးအောင်စိုး [၇/ရတရ(နိုင်)၁၀၇၂၁၁] ကိုင်ဆောင်သူတို့သည် (၁၆-၈-၂၀၁၉)ရက်နေ့တွင် လက်ထပ်ထိမ်းမြားအကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဒေါ်မိုးကလျာစိုးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၄-၂-၂၀၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဒေါ်မိုးကလျာစိုးတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ဒေါ်မိုးကလျာစိုးနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝမှန်သမျှကို တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ**
**ဦးယာကုပ်**
**[၄/ပလဝ(နိုင်)၀၄၀၂၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်းနိုင် (စဉ်-၁၇၇၆၄)** **(LL.B,D.B.L,D.I.T)**
**ဒေါ်မိမိထိုက် (စဉ်-၁၇၈၅၆)** **(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၁၅)၊ ဗိုလ်တာရာလမ်း၊ (၁/၁၁)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၃၀၇၄၉**

## အများသိရှိစေရန်အသိပေးကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ် (၆၆/၂)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၃-လွှာ(A)၊ အကျယ်အဝန်း (၁၅'x၅၆')ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း(၁)ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ဒေါ်လှလှတင် [၅/စကန(နိုင်)၀၂၈၀၀၂]ကိုင်ဆောင်သူက (၃၁-၁-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း (၁)ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှတင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ ပေါင်နှံ ပေးကမ်းခြင်း၊ အမည်ပြောင်း လွှဲပြောင်းထားခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အခြားမည်သည့်အကြောင်းခြင်းရာကိစ္စရပ်များအား ဆောင်ရွက်ခွင့်မပြုပါကြောင်းနှင့် တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းယုယုမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၂၁)**
**ဖုန်း-၀၉-၄၂၀၀၃၁၉၇၈**

---

### အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ် (ဝေဘာဂီ)၊ မြေကွက်အမှတ်( ၁၅၈ )၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ ဧရိယာ (၁၅၀၀ စ/ပေ) ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ၁။ ဦးမြင့်သူ (၁/ရကန(နိုင်)၀၄၃၄၆၁)၊ ၂။ ဦးမိုးဇော်ဖြိုး (၁/ရကန(နိုင်)၀၄၃၄၆၂) အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချသူများမှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်သည့် အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက် အထား မူရင်းများဖြင့် အတူ ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်မိတင်ဇာလင်း (LLB., D.B.L., D.M.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၈)
အမှတ်(၉/၁၁)၊ ပထမထပ်၊ (၃၆)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-970039669

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ် (၁၃၀၂)၊ ဧရိယာ (၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမင်းဦး [၁၂/အလန (နိုင်)၀၁၆၂၃၅] အမည်ပေါက်လျက်ရှိပြီး ၎င်းမှ သမီးအရင်းဖြစ်သူ ဒေါ်အိပြုံးမေသူ [၁၂/စခန (နိုင်)၀၇၂၇၁၅]ထံသို့ ဖခင်နှင့်သမီးတို့၏ ချစ်ခြင်းမေတ္တာစေတနာအရ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းမည်ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဦးမင်းဦးမှ သမီးအရင်းဖြစ်သူ ဒေါ်အိပြုံးမေသူသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ပြီးဆုံးအောင်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းဦး**
**[၁၂/အလန(နိုင်)၀၁၆၂၃၅]**
**အမှတ်(၁၁၇၀)၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၁၃၁၇၇**

---

**ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၈-လမ်း၊ အမှတ်(၄၄)၊ မြေညီထပ်(ဝဲ)၊ အကျယ်အဝန်း (၁၂ပေခွဲ x၄၀ ပေ) တိုက်ခန်းနှင့် ပတ်သက်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်**

၁။ `အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ မူလတိုက်ခန်းပိုင်ဆိုင်သူ ဦးလှဝင်း [၁၂/လသန(နိုင်)၀၀၅၆၅၁] ကိုင်ဆောင်သူထံမှ (၆-၆-၂၀၁၉)ရက်စွဲဖြင့် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဒေါ်ဆွေဆွေဝင်း [၁၂/သကတ(နိုင်) ၁၈၃၅၂၆] က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဆွေဆွေဝင်းမှ တစ်ဆင့်ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးနွယ် [၁၂/လသန(နိုင်)၀၁၄၁၂၉]ထံ ရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ထိုကမ်းလှမ်းခြင်းကို သဘောတူသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ဝယ်သူကစရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိုက်ခန်းပိုင်ဆိုင်မှု၏ ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဆက်စပ်စာချုပ်များ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ ဒေါ်စံပယ်စိန်နှင့် ဒေါ်စပါယ်စိန် [၁၄/ညတန(နိုင်)၀၀၆၈၆၂]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၆၅)(ဘီ-၃လွှာ) အကျယ်(၁၂ပေခွဲx၅၀ပေ) ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းသက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်နန်းသောင်းမွန် [၁၃/မအတ(နိုင်)၀၀၇၈၈၆]မှ ၎င်းပိုင်ဆိုင်ပြီး အရှုပ်အရှင်း တစ်စုံတစ်ရာကင်းရှင်းကြောင်းဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလွင်မောင်ဝင်းထံသို့ ရောင်းချရန် ကမ်းလှမ်းလာပါသည်။ ဒေါ်နန်းသောင်းမွန်၏ ကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ တိုက်ခန်းအား ဝယ်ယူရန်သဘောတူခဲ့သည့် အလျောက်တိုက်ခန်း၏တန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ဒေါ်နန်းသောင်းမွန်သို့ပေးအပ်ပြီးဖြစ်ပါသည်။

မကြာမီကာလတွင် တိုက်ခန်းဖိုးကျန်ငွေအား ပေးချေ၍ အပြီးအပိုင် တိုက်ခန်းအရောင်းအဝယ်စာချုပ်အား ချုပ်ဆို၍တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်ရယူမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ရုံးချိန်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးလွင်မောင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းလှိုင်ထွန်း(LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၁၉)**
**အမှတ် (၆၂/က)၊ သဒ္ဒါရုံ (၄)လမ်း၊ ၂/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၉၇၈၀၃၅၁၆၆**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးကိုကို [၈/ရနခ(နိုင်)၁၃၄၉၀၃]သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၈၅-ခ)၊ ဧရိယာ(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်တင်တင်အေးအမည်ပေါက်ဂရန်ဖြစ်ပြီး မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဟု ဝန်ခံရောင်းချသူ ဒေါ်အိမွန်ကျော် [၁၂/ရပသ(နိုင်)၁၀၂၉၀၁]ထံမှ ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၉၄၁၄၅၆၂၆၂၊ ၀၉-၂၆၂၆၆၂၃၉၉၊ ၀၉-၇၉၅၆၆၉၃၂၆**

---

### " သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရိပ်သာ- ၂ လမ်းနေ ဦးလှဝင်း + ဒေါ်မြင့်မြင့်မော်တို့၏ သားဖြစ်သူ မောင်တိုးမင်းထွန်း [ ၁၂/လကန (နိုင်) ၂၁၉၄၉၁ ] သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအပေါ် အမျိုးမျိုး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ငွေရေးကြေးရေး အရှုပ်အရှင်းများ၊ လူမှုရေး အရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မောင်တိုးမင်းထွန်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှဝင်း + ဒေါ်မြင့်မြင့်မော်

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရွှေပေါက္ကံ၊ မြေကွက်အမှတ် ၃၆၅၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၆၅)၊ နှင်းဆီလမ်း၊ ၁၇/ရွှေပေါက္ကံရပ်ကွက်၊ ဦးလှမြင့် (၇/ဒဥန(နိုင်)၀၆၉၉၇၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးလှမြင့်ထံမှ (၇.၁၂.၂၀၂၂)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဆုမြတ်သံလွင်အောင်က မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ် ၁၆/၂၀၂၄ ဖြင့် ဦးလှမြင့်အပေါ် ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ (၂၁.၆.၂၀၂၄)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် (၂၉/၂၀၂၄) (၁၃.၉.၂၀၂၄)ရက်စွဲပါအမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ (၆/ထဝန(နိုင်)၀၂၆၃၄၃)က ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---




---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်(မြောက်)ကျေးရွာ၊ အောင်မင်္ဂလာလမ်းမကြီး၊ အမှတ်(၁၀၅)နေ အဖ - ဦးအောင်ဆွေ(၁၂/တတန(နိုင်)၀၆၂၉၈၅)၊ အမိ - ဒေါ်မြင့်မြင့်မော် (၁၂/တတန(နိုင်)၁၄၆၂၂၅)တို့၏သားဖြစ်သူ မောင်ရှိုင်းခန့်ထက်(၁၂/ဒလန (နိုင်) ၀၈၂၃၁၅)သည် မိဘများ၏ပြောဆိုဆုံးမမှုအားနားမထောင်ဘဲ မိဘများအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်စန်းစန်းမော် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၄၈၇/၉၇)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်(မြောက်)ကျေးရွာ၊ အောင်မင်္ဂလာလမ်းမကြီး၊ အမှတ်(၇၉)နေ အမိ - ဒေါ်မိုးမိုးနွယ် (၁၂/တတန(နိုင်)၁၂၉၃၅၁)၏သားဖြစ်သူ မောင်ရှင်းသန့်အောင် (၁၂/ဒလန (နိုင်) ၀၈၆၉၂၀)သည် မိခင်၏ပြောဆိုဆုံးမမှုအားနားမထောင်ဘဲ မိခင်အားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်စန်းစန်းမော် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၄၈၇/၉၇)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၆/ကလမ်း၊ အမှတ်-၁၄၇၊ (၄၀ပေx၆၀ပေ) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ် အဆောက်အဦ၏ စတုတ္ထထပ်၊ ၅-လွှာ၊ ခြေရင်းခြမ်း/ဝဲဘက်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်ထက်မီမီအောင် [၁၂/ အစန(နိုင်)၂၀၂၆၉၀]က အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်လွင်ထွေး [၁၂/လမန(နိုင်)၁၃၆၂၇၁]ကလည်း လက်ရောက် အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိလဲ့ဝင်းကြိုင် LL.B, LL.M (International Laws)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၇၂)**
**ရုံးခန်း- တိုက် (၂)၊ အခန်း(၁၅)၊ လှည်းတန်းလမ်းမ၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၈၇၇၇၅၈၃၈၊ ၀၉-၆၆၉၃၂၉၉၃၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ စံပယ်လမ်းပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၊ တိုက်အမှတ် ၂၇/(က)၏ တတိယထပ် (၄)လွှာရှိ ဧရိယာ အလျား (၁၈)ပေ၊ အနံ(၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်း နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်သန်းသန်းမွန် [၁၀/မလမ(နိုင်)၀၀၁၀၈၈]မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု မြွက်ဟကြေညာလျက် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသောကြာ [၆/သရခ(နိုင်)၀၉၉၁၅၀]က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်(၁၄ရက်)အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခြူးပြည့်ပြည့်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၂၆)**
**အမှတ်(၆၄)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၂၈၈၂၈၈၃၊ ၀၉-၂၅၄၂၄၃၅၂၆**

## ဒေါ်ဝင်းမေ
### ဆင်းကားစတိုး၊ သန်လျင်
### အသက်(၈၇)နှစ်

သန်လျင်မြို့နေ (ဦးမောင်မြင့်)၏ ဇနီး၊ ဦးအောင်ဆန်းထူး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိန်မင်း-ဒေါ်ခင်ခင်မြင့်၊ ဦးအောင်မျိုးသန်း-ဒေါ်သီသီမြင့်၊ သူရဦးမျိုးတင်-ဒေါ်ရီရီမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်ဝင်းမေ အသက် (၈၇) နှစ်သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(အင်္ဂါနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား ညှိုးငယ်စွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ကြီး
### အသက် (၈၂) နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကန်ဒိုင်းတိုက်နယ်၊ အတွင်းပြင်ကျေးရွာနေ(ဦးထွန်းခိုင်ဦး-ဒေါ်အိမ်သာဖြူ)တို့၏ သားလတ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ကြည်(ခ) ဒေါ်ပုလဲ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ကိုကိုဦး-ဒေါ်ခင်ခင်ကြီး၊ ဦးကိုကိုကြီး-ဒေါ်မိုးမိုးမြတ်၊ ဦးအောင်ပြည်စိုး-ဒေါ်နန်းခိုင်ခင်အေးတို့၏ ဖခင်၊ မဆုဆုမြတ်ဖြိုး၊ မသဇင်မြတ်ဝေ၊ မောင်ဉာဏ်စွမ်းဆောင်၊ မကြယ်စင်ပြည်စိုးတို့၏ အဘိုးသည် (၃-၂-၂၀၂၅) ရက်တွင် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ဝိုင်းဝန်းကူညီသတင်းမေးကြပါသော ရပ်နီးရပ်ဝေးမှဆွေမျိုး၊ မိတ်ဆွေများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၇-၂-၂၀၂၅)ရက် နံနက်(၇-၉)နာရီတွင် တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ရက်လည်ဆွမ်းကျွေး ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်သိန်းသိန်း
### အသက် ( ၉၂ )နှစ်

ရန်ကုန်မြို့နေ (ဦးရှိန်တက်-ဒေါ်သန်းသန်း) တို့၏သမီး၊ ဦးအောင်သိန်း၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၂၂)၊ မြစံပယ်လမ်း၊ ပါရမီရိပ်သာ၊ မရမ်းကုန်းမြို့နယ်နေ (ဦးသိန်းထွန်း)၏ ဇနီး၊ ဒေါ်တင်သိန်းမြင့်-ဦးသော်ဇင်၊ ဦးကျော်တင့်၊ ဦးထွန်းအောင်ကျော်-ဒေါ်ဘက်တီဆင်၊ ဦးမြင့်သိန်း-ဒေါ်မြသန္တာအောင်၊ ဦးကိုကိုမောင်-ဒေါ်အိအိထွေး၊ ပါမောက္ခဒေါက်တာမိုးသီတာထွေး-ဦးဉာဏ်မြင့်ဆွေတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၁၂)ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၃-၂-၂၀၂၅ (တနင်္လာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာခင်နွဲ့နွဲ့ဖော်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဦးငွေ-ဒေါ်လှသီ)တို့၏ သမီး၊ (ဦးခိုင်-ဒေါ်အေးစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်ဖော်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာသန့်ဖော်လင်း-ဒေါက်တာယုဇနခင်ဖော်၊ ဒေါက်တာရှိန်းဖော်ဟိန်း-မယုဇနမြင့်ဒွေးတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါက်တာခင်နွဲ့နွဲ့ဖော်သည် ၃၁-၁-၂၀၂၅ (သောကြာနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၅ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးညာတိ၊ ဆရာတပည့်အပေါင်းတို့အား စိတ်နှလုံးညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်စုပေါင်းအိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၃၀၃) တတိယထပ်၊ အကျယ် အဝန်း (၁၅ ပေ × ၅၀ ပေ) ရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ရှင် ဦးလှဦးထံမှ ဝယ်ယူခဲ့သူ ဒေါ်သက်သက်နွယ် ၏ ပိုင်ဆိုင်မှုအရပ်ရပ်ကို ဒေါ်သန်းသန်းစိုး က ဝယ်ယူခဲ့ပါသည်။ အဆိုပါ တိုက်ခန်း၏ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းစိုး (၇/ရတန(နိုင်) ၀၀၇၈၆၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးပိုင် (၁၂/တတန (နိုင်) ၁၈၄၅၀၁) က (၁၃-၇-၂၀၂၀) ရက်နေ့တွင် ထိုတိုက်ခန်းကို ကာလတန်ဘိုး အတိုင်း အပြည့်အဝပေးချေကာ ဝယ်ယူပြီး၊ ယနေ့အချိန်ထိ တရားဝင် လက်ရှိထား၍ ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ တရားဝင်ပိုင်ဆိုင်မှုအပေါ် တစ်စုံတစ်ရာ ဟန့်တား အနှောင့်အယှက်များ မပြုလုပ်ကြပါရန် အသိပေးအပ်ပါသည်။ အကယ်၍ ဟန့်တား အနှောင့်အယှက်များ တစ်စုံတစ်ရာ ပြုလုပ်လာပါက သက်ဆိုင်သူများကို ဥပဒေကြောင်းအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးပြည့်ဖြိုးအောင် | ဦးရန်နိုင်ထွန်း |
| (စဉ်-၁၉၅၅၈/၂၄) | (စဉ်-၅၃၁၆၀/၂၀) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

ဖုန်း-၀၉ ၉၆၅ ၃၀၀ ၆၃၃၊ ၀၉ ၈၈၂၇၉၄၂၁၈

## ဒေါ်လှမြတ်သူ(ခ)ဒေါ်မာမာ
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ အိမ်အမှတ်(၂၇) ဦးရွှေဂွန်းလမ်းနေ (ဦးဖံဝင်း-ဒေါ်တင်တင်ဦး)တို့၏ သမီးကြီး၊ ဦးထွန်းအောင်ကျော်၏ညီမ၊ ဦးသိန်းအောင်-(ဒေါ်လှမြတ်မော်)၊ ဒေါ်နန္ဒာသိင်္ဂီ၊ ဒေါ်စံစံဝင်း(မြဝတီဘဏ်)တို့၏အစ်မကြီး၊ တူ၊တူမ ငါးယောက်တို့၏အဒေါ်သည် ၃-၂-၂၀၂၅ (တနင်္လာနေ့) ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀:၃၀ နာရီထိ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ခဲဖွယ်အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ နဝဒေးကွန်ဒို၊ အမှတ် 5(A,B)၊ အခန်းအမှတ်2(C) ၊ (၂)လွှာ၊ ဧရိယာစတုရန်းပေ ၁၂၅၀ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးသက်ဦး [၁၂/စခန(နိုင်)၀၃၅၁၃၂]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးကျော်သူဝင်း** | **ဒေါ်ရည်မွန်အောင် (LL.B)** |
| **[၅/မရန(နိုင်)၁၉၁၆၃၁]** | **အထက်တန်းရှေ့နေ (စဉ် - ၅၀၆၁၂)** |
| | **အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊** |
| | **(က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈** |

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ နွယ်နီ(၉)လမ်း၊ မြေကွက်အမှတ် (၃၆၉/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အဦ၊ ရေ၊ မီး၊ မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးနေမျိုးကျော်၊ ဦးမင်းညီညီတို့ နှစ်ဦးပူးတွဲအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အဖြစ်တည်ရှိပြီး ယခုရောင်းချသူ ဦးနေမျိုးကျော်[၁၂/စခန(နိုင်)၀၅၆၁၅၈]၊ ဦးမင်းညီညီ [၁၂/စခန(နိုင်) ၀၆၇၁၇၄] တို့မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းရွှေရည်အောင် [၁၂/တမန (နိုင်)၁၁၁၂၈၆] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချမ်းမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၂၅၈၉၈၂၃**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊မြေကွက်အမှတ် ၃၉၈/က၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၃၉၈/က)၊တပ်ဖွဲ့လမ်း၊(၁/အနော်မာ)ရပ်ကွက်၊သာကေတမြို့နယ်၊ဦးထွန်းနိုင်(AC-၀၆၆၂၃၄) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးထွန်းနိုင်(AC-၀၆၆၂၃၄)(ခင်ပွန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်အေးပို(၁၂/သကတ(နိုင်) ၁၀၇၇၂၁)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၆၉၅/၂၀၂၂(၅-၁၂-၂၀၂၂)ရသူဒေါ်ပန်းအိဖြူ(၁၂/သကတ(နိုင်)၂၁၀၀၂၉)မှကွယ်လွန်သူခင်ပွန်းပိုင်ဆိုင်သောအထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဇနီးဖြစ်သူမိမိတစ်ဦးတည်းသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရတရားဝင်အမွေဆက်ခံပိုင်ဆိုင်လာပါကြောင်း၊မိမိမှအပအခြားအလားတူအမွေဆက်ခံမည့်ဇနီးတစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်းဒေါ်အေးပိုကိုယ်တိုင်ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အထွေထွေကိုယ်စားလှယ်လွှဲစာ၊အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူသည်သက်ရှိထင်ရှားရှိကြောင်းနှင့်လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်းတရားရုံးကတိသစ္စာပြုလွှာ၊ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ဦးထွန်းနိုင်သေဆုံးသည့်မှာမှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ဦးထွန်းနိုင်၏သေစာရင်းထောင်ခံခြင်းနှင့်ပတ်သက်၍ရှာဖွေမတွေ့ရှိသဖြင့်ထုတ်ပေးခြင်းမပြုနိုင်ကြောင်းတိုင်းကျန်းမာရေးဦးစီးဌာန၏(၂၇-၁-၂၀၂၃)ရက်စွဲပါအကြောင်းပြန်ကြားစာ၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၁၁/၁၃) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈အီး[၁])၊ မြေကွက်အမှတ်(၁၁၄၁+၁၁၄၂)၊ မြေအမျိုးအစား-ဂရန်ရှိမြေပိုင်မြေ၊ မြေအမည်ပေါက်- ဒေါ်သန်းမြင့် [၁၂/စခန(နိုင်)၀၁၃၉၀၅] မြေကွက်အား အမည်ပေါက်(မိခင်)ဒေါ်သန်းမြင့်သည်(၁၇-၄-၂၀၁၉)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးမောင်ကြီးသည် (၁၉-၃-၁၉၉၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းဖြစ်သူ ဒေါ်ခင်ချိုဦးမောင်တစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိဘများနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာများဖြစ်ပြီး မိဘများကွယ်လွန်ပြီးတစ်ဦးတည်းသော သမီးအရင်း ၎င်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်ခင်ချိုဦးမောင် [၁၂/စခန(နိုင်)၀၁၃၉၀၂]က ကျောက်တံတားခရိုင်တရားရုံးတွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာ အမှတ်-၂၇၀၀/၂၀၂၄(၁၈-၉-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေအမည်ပေါက်သည့် အရောင်းစာချုပ်အမှတ်-၄၄၁၈/၉၇(၁၁-၉-၉၇)၊ သေဆုံးမှုလက်မှတ်(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်ခင်ချိုဦးမောင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ်-၁၄(က)နေ ဦးကြည်ဆန်း-ဒေါ်နုယဉ်စိုးတို့၏ သားဖြစ်သူ မောင်ဖြိုးမင်းသန့် [၁၂/ကမရ(နိုင်)၀၆၆၄၃၂]သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်ဖြိုးမင်းသန့်နှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးကြည်ဆန်း[၁၂/ဥကမ(နိုင်)၀၆၀၀၂၄]**
**ဒေါ်နုယဉ်စိုး[၁၂/ကမရ(နိုင်)၀၄၀၉၂၅]**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့ သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် သကျောကျေးရွာ "သုတစံအိမ်" စာကြည့်တိုက်ဖွင့်လှစ်**
စာမျက်နှာ » ၁၂

**အစ္စရေးနိုင်ငံ၏ ပညာသင်ကြားရေးစနစ်တွင် ဉာဏ်ရည်တုနည်းပညာသုံးစွဲမှု မြှင့်တင်မည်**
စာမျက်နှာ » ၁၃

**ကချင်ပြည်နယ် ဧရာဝတီမြစ်ရေလယ်ကျွန်း သဲသောင်ခုံပေါ်တွင် တောင်းခေါင်းကျားကောင်ရေ ၄၀၀ ကျော် အုပ်စုလိုက် လာရောက်ကျက်စားနေထိုင်လျက်ရှိ**
စာမျက်နှာ » ၁၆

**လူငယ်နှင့် သမိုင်းကို လေ့လာခြင်း**
စာမျက်နှာ » ၁၇


## ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးနှင့် ဖူဆယ်အားကစားနည်း၌ အမျိုးသား၊ အမျိုးသမီးပွဲစဉ်အားလုံး ပါဝင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးနှင့် ဖူဆယ်အားကစားနည်း၌ အမျိုးသား၊ အမျိုးသမီးပွဲစဉ်အားလုံး ပါဝင်မည်ဖြစ်သည်။

ဆီးဂိမ်းအိမ်ရှင် ထိုင်းနိုင်ငံသည် ယင်းအားကစားနည်းနှစ်မျိုးစလုံးတွင် အားသာသဖြင့် ဘောလုံး အားကစားနည်း၌ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ ဖူဆယ်အားကစားနည်း၌ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား ဘောလုံးပြိုင်ပွဲကို

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✧



၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်နေစဉ်။

## ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်အဆင့်(၄)နေရာ တက်လှမ်း

ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ ချယ်လ်ဆီးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၄ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၃ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပြီး အဆင့်(၅)နေရာက မန်စီးတီးအသင်းနဲ့ အဆင့်(၆)နေရာက နယူးကာဆယ်အသင်း တို့ကို နှစ်မှတ်ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❂



ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

### ၄ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၆၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အာဆီယံကလပ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ Svay Rieng- ရှမ်းယူနိုက်တက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပရာ နှစ်ဖက်အသင်း နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ✤